# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-ဓဇ)**


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ သောကြာနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၃၃)




## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

## အစည်းအဝေးကာလအတွင်း ဥပဒေသစ် ရှစ်ခု၊ ပြင်ဆင်သည့် ဥပဒေ ၁၁ ခု၊ ရုပ်သိမ်းသည့်ဥပဒေတစ်ခု စုစုပေါင်း ဥပဒေ ၂၀ ခု ထုတ်ပြန်ကြေညာနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

အစည်းအဝေးတွင် **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က လက်ရှိ အစိုးရလက်ထက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုစီးဝင်သည့် အခြေအနေကိုသုံးသပ်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၅၁ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၇၇၀ အပါအဝင် မြန်မာငွေကျပ် ၁၄၅၉၄၇ ဒသမ ၇၂၂ သန်းဖြင့် ဆောင်ရွက်ရန်ခွင့်ပြုခဲ့ပြီး ဆောင်ရွက်ဆဲဖြစ်သော လုပ်ငန်း ၁၈ ခုအား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၂ ဒသမ ၂၁၈ သန်းအပါအဝင် မြန်မာငွေကျပ် ၁၁၃၉၃၄ ဒသမ ၃၈၁ သန်း ထပ်မံတိုးမြှင့်ခွင့်ပြုပေးခဲ့သဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ

*စာမျက်နှာ ၆ ကော်လံ ၁* ❍

## ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့်ပတ်သက်၍ ကုလသမဂ္ဂ၊ ပြည်ပနိုင်ငံများ၊ သံရုံးများနှင့် အဖွဲ့အစည်းများက ပြစ်တင်ရှုတ်ချ

**နေပြည်တော် ဩဂုတ် ၃၁**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရှိ ကနေဒါနှင့် တရုတ်သံရုံးတို့မှလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၊ မြန်မာမွတ်စ်စလင်မ် အရပ်ဘက်လူ့အဖွဲ့အစည်းနှစ်ခုဖြစ်သော တွဲလက်မြန်မာနှင့် ရွှေလက်ယာ အဖွဲ့တို့မှလည်းကောင်း ပြစ်တင်ရှုတ်ချသည့် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အလားတူ ပြစ်တင်ရှုတ်ချမှုကြေညာချက်များကို ကုလသမဂ္ဂနှင့် အမေရိကန်၊ အိန္ဒိယ၊ တူရကီနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံရှိ အမေရိကန်၊ ဗြိတိသျှ၊ ဩစတြေးလျသံရုံးများကလည်း ထုတ်ပြန်ထားရှိသည်။

(သတင်းစဉ်)

## ကျွန်မတို့ကို တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးချမ်းချမ်းနေနိုင်အောင် အကူအညီပေးစေချင်ပါတယ်

**ဒေါ်ရာဘူရီး၊ အသက်(၆၂)နှစ် (ဟိန္ဒူဘာသာဝင်)**

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နယ်အတွင်း၌ ဩဂုတ် ၂၆ ရက် ညပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မြို့သူကြီးရွာအနီးရှိ အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်လာသည့် ဟိန္ဒူဘာသာဝင် မိသားစု ၁၂ ဦးအား သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ခြောက်ဦးမှာ သေဆုံးသွားခဲ့သည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံတိုင်းရင်းသားများမှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လျက်ရှိရာ မောင်တောမြို့ ရပ်ကွက်(၃)ရှိ အခြေခံပညာမူလတန်းကျောင်းတွင် ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်အချို့အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖




နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာသော ဟိန္ဒူဘာသာဝင်အချို့အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းစဉ်


KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

## ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် အမျိုးသမီးတို့၏ စွမ်းပကား

အမျိုးသမီးအခွင့်အရေးဟူသည် ကမ္ဘာပေါ်၌ အရေးတယူဆွေးနွေးပြောဆိုကိုယ်တွယ်ဖြေရှင်းနေရသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ဤကိစ္စရပ်သည် ယခုကဲ့သို့ ဦးစားပေးမှုမျိုး အမှန်တကယ်ရထိုက်ပါ၏လောဟု သံသယဝင်သူတို့ရှိနေသည်မှာလည်း ငြင်းဆို၍မရသော ပကတိအခြေအနေ ဖြစ်ပါသည်။

ဟီလာရီကလင်တန်က ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အရွေးချယ်ခံရန် အိုဘားမားနှင့် ယှဉ်ပြိုင်ခဲ့ရာ၌ ရှုံးနိမ့်ခဲ့ရခြင်း၏ အဓိကအကြောင်းရင်းများ၌ အမျိုးသမီးတစ်ဦးဖြစ်နေခြင်းလည်း ပါဝင်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆထားကြပါသည်။ ရှုံးနိမ့်မှုကို ဝန်ခံအသိအမှတ်ပြုသော မိန့်ခွန်း၌ အနိုင်မရသော်လည်း သူရရှိခဲ့သော ထောက်ခံမဲ ၁၈ သန်းကို ရည်ညွှန်း၍ ဟီလာရီကလင်တန်က အမျိုးသမီးတို့ကို မှန်ကဲ့သို့ မမြင်သာအောင်တားဆီးထားသည်တို့ကို အစိတ်စိတ်အမြွာမြွာကွဲအောင် မစွမ်းနိုင်သော်လည်း ဤမှန်ချပ်၌အက်ကွဲကြောင်း(၁၈)ခုတော့ရှိသွားပြီဟု ပြောဆိုခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံမျိုး၌ပင် အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်၍ လိုအပ်ချက်တို့ရှိနေဆဲဖြစ်သည်ကို တင်ပြလိုခြင်းဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌လည်း အမျိုးသမီးတို့၏အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်ကျင့်သုံးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၀ ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်းတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုသည် လေးရာခိုင်နှုန်းသာရှိပါသည်။ ၂၀၁၅ ရွေးကောက်ပွဲ၌ အဆိုပါလွှတ်တော် နှစ်ရပ်ပေါင်းတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုသည် ၁၃ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်လာပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ၁၆၇၈၅ ဦးရှိသည့်အနက် အမျိုးသမီးရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး ၈၇ ဦးရှိပါသည်။ အောင်မြင်စွာစွမ်းဆောင်နိုင်သော အမျိုးသမီးရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး ငါးဦးအကြောင်းကို မှတ်တမ်းတင်ရိုက်ကူးထားသည့် "ခယောင်းလမ်းအလွန်"သတင်းကားသည် အမျိုးသမီးတို့၏ စွမ်းဆောင် နိုင်စွမ်းကို လှစ်ဟဖော်ပြနေပါသည်။

နိုင်ငံ၌ အမျိုးသမီးတို့၏ အခွင့်အရေးတို့ကို အလေးအနက်ဖော်ဆောင်ကျင့်သုံးသင့်ကြောင်း မီးမောင်းထိုးဖော်ပြနေသည့် အခြေခံအကြောင်းတရားရှိပါသည်။ တိုင်းပြည်၏လူဦးရေ ၅၁ ဒသမ ၄၈၆ သန်း၌ အမျိုးသမီးထုသည် ၂၆ ဒသမ ၆၆၂ သန်းရှိပါသည်။

သို့ဖြစ်ပါ၍ တိုင်းပြည်လူဦးရေ၏ တစ်ဝက်ကျော်ရှိသော အမျိုးသမီးထု၏ အတွေးအမြင်နှင့်ခံစားချက်တို့အပါအဝင် မျှော်မှန်းချက်တို့ကို လျစ်လျူရှုခြင်းသည် ဒီမိုကရေစီကို ကျောခိုင်းခြင်းပင် ဖြစ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ အမျိုးသမီးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် ပျက်ကွက်ပါက တိုင်းပြည်လူဦးရေ တစ်ဝက်ကျော်၏စွမ်းဆောင်မှုတို့ကို အလဟဿ အဆုံးရှုံးခံခြင်းပင် ဖြစ်ပါသည်။ အထက်ပါအချက်တို့သည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာ၌ မဖြစ်မနေထည့်သွင်းစဉ်းစားရမည့်အချက်တို့ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အမျိုးသမီးထု၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အားသစ်လောင်းခြင်းဖြစ်သည်ဟု အလေးအနက်ခံယူ၍ ကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းတင်ပြအပ်ပါသည်။

## မောင်းသူမဲ့လေယာဉ်နည်းပညာဖြင့် မြေပုံရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း မိတ်ဆက်အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် မုန်တိုင်းဒဏ်၊ မြေငလျင်ဒဏ် စသည့် သဘာဝဘေးများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် အဓိက စိန်ခေါ်မှု တစ်ရပ်ဖြစ်လျက်ရှိသည်။ အဆိုပါ သဘာဝဘေးဒဏ်များအား အကောင်းဆုံး ရင်ဆိုင်ကျော်လွှားနိုင်ရေးနှင့် ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICTs) ကဏ္ဍများကို တိုးမြှင့်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၂၉ ရက်က နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာန၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု လျှော့ချရေးအဖွဲ့နှင့် မောင်းသူမဲ့လေယာဉ်နည်းပညာဖြင့် မြေပုံရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း မိတ်ဆက်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားခဲ့သည်။



အဆိုပါ မိတ်ဆက်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတို့က အမှာစကားများ ပြောကြားကြပြီး ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan က မောင်းသူမဲ့လေယာဉ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသဲမောင်မောင်က မောင်းသူမဲ့လေယာဉ်နည်းပညာ ပို့ချပေးနေမှုများနှင့် လွယ်ကူတိကျသော ကောင်းကင်မြေပုံထုတ်ယူနိုင်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုလျှော့ချရေးအဖွဲ့နှင့် မောင်းသူမဲ့လေယာဉ်နည်းပညာဖြင့် မြေပုံရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းကာ ရေရှည်တွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ၊ ဆည်တာတမံစီမံခန့်ခွဲမှု၊ လယ်ယာမြေစီမံခန့်ခွဲမှု၊ သီးနှံပိုးမွှားရောဂါ နှိမ်နင်းထိန်းချုပ်ရေးနှင့် သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ထင်သာမြင်သာပြုပြင်စရာ**

## ကျောက်ခွဲစက်နှင့် လမ်းလယ်ကောင်တွင် ပုံထားသည့် ကျောက်တုံးများဖယ်ရှားပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကလေးမြို့စည်ပင်သာယာနယ်နိမိတ် တပ်ဦးသီတာရပ်ကွက်(၁၀)အတွင်းရှိ ကျောက်ခွဲစက်သည် မြန်မာ့မီးရထားဌာနနှင့် ပြင်ပစီးပွားရေးလုပ်ငန်းရှင်တစ်ဦးတို့က မီးရထားလမ်းပိုင်းအတွက် ကျောက်သွင်းရန်



အကြောင်းပြချက်ဖြင့် လုပ်ငန်းဆောင်ရွက်ရာ အများပြည်သူသုံးလမ်းမနှင့် ကပ်လျက် ကျောက်ကြီးများကို စုပုံထားရှိလျက်ရှိသည်။ ကျောက်ခွဲရာတွင် ထွက်ရှိလာသော ကျောက်မှုန့် အနံ့အသက်ဆိုးများ၊ လွင့်ပျံ့နေသော ကျောက်မှုန့်များသည် ဖြတ်သန်းသွားလာသူများအတွက် ကျန်းမာရေးထိခိုက်စေခြင်း၊ ဘက်ဟိုးဖြင့် ကျောက်ကြီးများအတင်/အချပြုလုပ်ရာတွင် ကျယ်လောင်သောအသံများကြားရခြင်း၊ ကားနှင့်ဘက်ဟိုးအဝင်အထွက်ကြောင့် လမ်းများတွင် သွားလာနေသော ဆိုင်ကယ်၊ စက်ဘီးများနှင့် မကြာခဏထိပ်တိုက်တွေ့ဆုံ၍ အန္တရာယ်များခြင်း၊ ယင်းကျောက်ပုံကြီးများနှင့် မီးရထားတွဲဆိုင်းပျက်များကြားတွင် မလိုလားအပ်သော စုံတွဲများနှင့် မူးယစ်သောက်စားသူများအတွက် နားခိုရာဖြစ်နေခြင်းတို့ကို နေ့စဉ် မြင်တွေ့နေရပါသည်။

အဆိုပါ ကျောက်ခွဲစက်မှာ ဌာနသုံးဟုဆိုသော်လည်း ပြင်ပသို့ရောင်းချခြင်းများဖြင့်သာ အဓိကလုပ်ဆောင်နေပါသည်။ သို့ဖြစ်၍ ယင်းကျောက်ခွဲစက်နှင့် ကျောက်ပုံတို့အား အခြားပြင်ပတစ်နေရာသို့ အမြန်ဆုံးပြောင်းရွှေ့ပေးနိုင်ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**တပ်ဦးသီတာ(ကလေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၃၁-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၈ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၆ | ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၂ | ・၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၂၁၄ |
| တရုတ် | တစ်ယွမ် | ၂၀၅ | ・၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ・၁၁ |

## မြန်မာ့ရုပ်မြင်သံကြား ၁-၉-၂၀၁၇(သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - **မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်**
၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၃း၀၀ - ဆေးရောင်စုံရုပ်ရှင် **လမင်းကိုစိန်ခေါ်ကြသူများ** (ဇာတ်သိမ်း)
လူမင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-မောင်တင်ဦး)

**ညပိုင်း**

၁၆း၃၅ - World of Innovations
၁၈း၂၀ - မျှော်လင့်ချက်အလင်းရောင် **စွမ်းရည်မြင့်မားလူထုစွမ်းအား**
၁၈း၅၀ - **အိန္ဒိယနိုင်ငံရဲ့ပဲတင်သွင်းမှု သွင်းကုန်မူဝါဒပြောင်းလဲမှုအပေါ်ဆွေးနွေးမှု**
၁၉း၅၀ - YBS ဇာတ်လမ်း **လူ**
ခင်ဝင့်ဝါ (ဒါရိုက်တာ- ခတ်ပုံညာဏ)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- မျက်မှောက်ရေးရာသုံးသပ်စရာ
(သတင်းအချက်အလက်များ ရယူပိုင်ခွင့်ဆိုင်ရာဥပဒေကြမ်းပေါ် ဆွေးနွေးချက်)

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီငွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သတင်းမီဒီယာများနှင့် တွေ့ဆုံ





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားစဉ်

**နေပြည်တော်  ဩဂုတ်  ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်း သတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၂၉ ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မောင်တော၊ ဘူးသီးတောင်နှင့် စစ်တွေမြို့များရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကြည့်ရှုအားပေး



**နေပြည်တော်  ဩဂုတ်  ၃၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောမြို့သို့ ရောက်ရှိပြီး အကြမ်းဖက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး မောင်တောဒေသတွင် ဖြစ်ပွားနေသည့် အခြေအနေများအား ဖြေရှင်းဆောင်ရွက်ရန် အချိန်နှင့်တစ်ပြေးညီ နီးနွယ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် စိတ်အားငယ်ရန်မလိုကြောင်း၊ လုံခြုံရေးအတွက်လည်း ပြည်နယ်ဝန်ကြီးချုပ်မှ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားပါကြောင်း၊ လုပ်ငန်းခွင် အဆင်ပြေစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တော အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယာယီဖွင့်လှစ်ထားသည့် စုရပ်သို့သွားရောက်၍ ယာယီပြောင်းရွှေ့ခိုလှုံလာကြသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ရိက္ခာများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ယာယီစုရပ်စခန်း၌ ဖွင့်လှစ်ထားရှိသည့် ဆေးကုသခန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။ **(အောက်ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့သို့ ရောက်ရှိပြီး ဘူးသီးတောင်မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘူးသီးတောင်မြို့အထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီစုရပ်စခန်းသို့ သွားရောက်ကာ ယာယီပြောင်းရွှေ့ခိုလှုံလာကြသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်ထားသည့် ယာယီစုရပ်စခန်းများသို့ သွားရောက်ကာ ယာယီပြောင်းရွှေ့ခိုလှုံလာကြသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များ သိရှိနိုင်ရန် ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့ မောင်တောဒေသအတွင်း သတင်းရယူ

**နေပြည်တော်  ဩဂုတ်  ၃၁**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သတင်းများရယူနိုင်ရန် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသက်ဆွေ ခေါင်းဆောင်သော ပြည်တွင်း၊ ပြည်ပမီဒီယာ ၂၂ ဦး ပါဝင်သည့် သတင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်း၌ စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်များဖြင့် သွားရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် မောင်တောမြို့သို့ ရောက်ရှိသတင်းရယူကြသည်။

ပြည်တွင်း၊ ပြည်ပ မီဒီယာများ ပါဝင်သောအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် မောင်တောမြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ မီဒီယာများသည် မြို့မကညင်တန်းရှိ မီးလောင်နေအိမ်များသို့ သွားရောက်ပြီး ARSA အကြမ်းဖက်သမားများက အကြမ်းဖက်မှုများ လုပ်ဆောင်ရန် ပြင်ဆင်ဆောင်ရွက်ထားသည့်အခြေအနေများအား သတင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူး၍ သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ရဲတပ်ဖွဲ့မှူးက ပြန်လည် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြို့သူကြီးကျေးရွာနှင့် ဇူလကျေးရွာတို့၌ တိုင်းရင်းသားများ အသတ်ခံရသည့် ဖြစ်စဉ်နေရာများတွင် မှတ်တမ်းရယူပြီး ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မျက်မြင်တိုင်းရင်းသားများအား သိရှိလိုသည်များကို မေးမြန်းကြသည်။

ညနေပိုင်းတွင် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာကြသူများ ခေတ္တခိုလှုံနေထိုင်သည့် မောင်တောမြို့ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် လူနာများအားတွေ့ဆုံ၍ မှတ်တမ်းရယူကြသည်။

အဆိုပါသတင်းအဖွဲ့တွင် ကျူဒို၊ တီဗွီအဆာဟိ၊ နိပွန်တီဗွီ၊ အဆာဟိရှင်ဘွန်း၊ ဖူဂျီတီဗွီ၊ နစ်ကေးရှင်ဘွန်း၊ ဗွီအိုအေ၊ ရိုက်တာ၊ အေအက်ဖ်ပီ၊ နယူးစ်ဝပ်ခ်ျ၊ အလဲဗင်း၊ စကိုင်းနက်နှင့် သတင်းဌာနများပါဝင်ကြပြီး **(ယနေ့)** ဩဂုတ် ၃၁ ရက်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည့် နေရာများတွင် ဆက်လက် သတင်းယူကြမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



# တရုတ်-မြန်မာချစ်ကြည်ရေး သစ်တောစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုး




**နေပြည်တော် ဩဂုတ် ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ငမင်သစ်တောကြိုးဝိုင်း အကွက်အမှတ် (၂၁၆)၊(၂၁၈)တွင် တရုတ်-မြန်မာချစ်ကြည်ရေး သစ်တောစိုက်ခင်းဧက ၁၀၀ စိုက်ပျိုးပြီးစီးခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါသစ်တောစိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က အမှာစကားပြောကြားခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပညာသင်ကြားနေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပညာတော်သင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ထောက်ပံ့ကြေးများပေးအပ်၍ တရုတ်-မြန်မာချစ်ကြည်ရေး သစ်တောစိုက်ခင်းစီမံကိန်းအကောင် အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တရုတ်-မြန်မာချစ်ကြည်ရေး သစ်တော စိုက်ခင်းတည် ထောင်ခြင်းအထိမ်းအမှတ် ကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး သစ်ပင်များ စုပေါင်း စိုက်ပျိုးပေးကာ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းတွင် အသုံးပြုသည့် ယာဉ်၊ စက်ယန္တရားများနှင့် ချစ်ကြည်ရေးသစ်တောစိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း**



# ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံ၏ ဆန်စပါးကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်က နေပြည်တော် မယ်ဇလီကုန်းရွာရှိ မြန်မာနိုင်ငံလယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ဆန်စက်၌ ပြုလုပ်ခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်း၏ စာတွေ့သင်ခန်းစာများကို အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)၌ စက်တင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လက်တွေ့သင်ခန်းစာများကို ရန်ကုန်၊ ကျိုက်လတ်၊ နေပြည်တော်မြို့များရှိ ဆန်စက်ကြီးများတွင် နိုဝင်ဘာ ၆ ရက်မှ ၃၀ ရက်အထိ သွားရောက်သင်ယူရမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ စုစုပေါင်း သုံးလခန့်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၈ ဦးကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဧဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဧဝန်မြစ်ရှိ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

(မိုး/ဇလ)

## မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ လစဉ်အစည်းအဝေးရက်ပြောင်းလဲ

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သည် အသင်းဝင်သတင်းထောက်များ၏ အဓိကကျန်းမာရေး၊ နာရေးကိစ္စများကို ဆောင်ရွက်လျက်ရှိသည်။

ဤသို့ဆောင်ရွက်ရာ၌ လစဉ်လဆန်း ၇ ရက်နေ့တိုင်း အစည်းအဝေးပြုလုပ်၍ အသင်းဝင်များ၏ လူမှုရေးကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ အသင်းဝင်အများစု၏သဘောထားဆန္ဒနှင့်အညီ အစည်းအဝေးဆုံးဖြတ်ချက်အရ စက်တင်ဘာ ၃ ရက် (တနင်္ဂနွေနေ့)မှစတင်ပြီး လစဉ် လတစ်လ၏ ပထမပတ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီတွင် စတင်ပြောင်းလဲပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## ဆီကုန်သည်လုပ်ငန်းရှင်များ ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာလအတွင်း ကျင်းပမည်ဖြစ်သည်။

ရွေးချယ်တင်မြှောက်ပွဲနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးပွဲကို ဩဂုတ် ၃၁ ရက် နံနက်က ရန်ကုန်မြို့ရှိ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ရွေးချယ်တင်မြှောက်ပွဲအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်က စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြီး အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

**ကိုကြီးတင်**



## မျိုးစေ့ထုတ်စိုက်ကွက်များ၌ အကျိုးပြုဥကပ်ပါးနဂျီများလွှတ်

**နေပြည်တော် ဩဂုတ် ၃၁**

လယ်ဝေးမြို့နယ်၌ ဆောင်ရွက်လျက်ရှိသော ဘက်စုံနည်းပညာသုံး စံပြကျေးရွာခရမ်းကိုင်းတွင် စိုက်ပျိုးထားသော မိုးစပါးနှင့် ရေအိုးစင်ကျေးရွာမျိုးစေ့ထုတ် စိုက်ကွက်များ၌ တောင်သူအကျိုးပြု ဥကပ်ပါးနဂျီများလွှတ်ခြင်းကို ဩဂုတ် ၃၁ ရက် နံနက်က တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်မြမြလွင်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးစောဝင်း၊ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများနှင့် တောင်သူများက လွှတ်ပေးခဲ့ကြသည်။

မိုးစပါးတွင် ဥကပ်ပါးနဂျီများလွှတ်ခြင်းဖြင့် ဖျက်ပိုးဥများ ဘဝတွင်စားသောက်ဖျက်ဆီးခံရကာ ပိုးသတ်ဆေးသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ အကျိုးပြုအင်းဆက်တိုးပွားလာပြီး သဘာဝပတ်ဝန်းကျင် ဂေဟစနစ်မျှတခြင်း၊ ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ကုန်ကျစရိတ်သက်သာခြင်း စသောအကျိုးကျေးဇူးများရရှိနိုင်ကြောင်း တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံက ရှင်းလင်းပြောကြားသည်။

၂၀၁၇-၂၀၁၈ခုနှစ် မိုးစပါးတွင် ဥကပ်ပါးနဂျီအကောင်ရေ ရှစ်သိန်းကို ပထမအကြိမ်လွှတ်ပေးနိုင်ခဲ့ပြီး ဆက်လက်လွှတ်ပေးသွားမည်ဖြစ်ကာ တောင်သူများနှင့် မျိုးစေ့ထုတ်လယ်သမားများကိုယ်တိုင် ဆောင်ရွက်တတ်ရန် ကွင်းထဲ၌ လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ်လေးမြို့နယ်၌ ကြိုးကြာခေါင်းနီငှက်သိုက် ၅၀ တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၃၁**

သစ်တောဦးစီးဌာန မအူပင်တက္ကသိုလ်နှင့်သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်လေးမြို့နယ်တွင် ကြိုးကြာခေါင်းနီငှက်သိုက် ၅၀ တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)-WCS မှ သိရသည်။

ကြိုးကြာခေါင်းနီငှက် သိုက်များကို မအူပင်မြို့နယ်တွင် ၁၅ သိုက်၊ ပန်းတနော်မြို့နယ်၌ အသိုက်နှစ်ခု၊ အိမ်မဲမြို့နယ်၌ အသိုက်နှစ်ခုနှင့် ဝါးခယ်မမြို့နယ်၌ အသိုက် ၃၁ တို့ကို တွေ့ရှိမှတ်တမ်းတင်ထားနိုင်ကြောင်း သိရသည်။

ကြိုးကြာခေါင်းနီများသည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာ၌လည်း မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်ဖြစ်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ၂၀၁၆ ခုနှစ် သုတေသနပြုလုပ်ချက်အရ အသိုက် ၃၇ သိုက်ကို တွေ့ရှိထိန်းသိမ်းနိုင်ခဲ့ကာ ယင်းဒေသတွင် ကြိုးကြာခေါင်းနီများမှာ အကောင်ရေ ၂၀၀ မှ ၄၀၀ အတွင်းသာ ကျန်ရှိတော့သည်ဟု ခန့်မှန်းထားကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။

"ဒီနှစ်က အရင်နှစ်တွေထက် ကြိုးကြာအသိုက်တွေ ပိုတွေ့တာက ဒေသခံလယ်သမားတွေ ပူးပေါင်းလို့တွေ့တာပါ။ ဒေသခံတွေက ကြိုးကြာထိန်းသိမ်းရေးတွေမှာ ပူးပေါင်းပါဝင်လာကြတယ်။ ကြိုးကြာအသိုက်တွေ တွေ့ရင် သတင်းတွေပေးလာကြတယ်။ ဒီတော့ လာမယ့်နှစ်မှာ ကြိုးကြာအသိုက်တွေကို ပိုရှာတွေ့ဖို့ မရောက်နိုင်သေးတဲ့ နေရာတွေအထိ ရောက်အောင်သွားမယ်။ ကြိုးကြာထိန်းသိမ်းရေးတွေ ဒီထက်ပိုအောင်မြင်ဖို့ ဒေသခံလူထုနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်သွားမယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်)မှ ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောသည်။

အဆိုပါ ကြိုးကြာခေါင်းနီအသိုက်များကို ဒေသခံလယ်သမားများက သတင်းပေးခြင်းဖြစ်ပြီး အတည်မပြုနိုင်သေးသော ကြိုးကြာငှက်အသိုက်များလည်း ကျန်ရှိနေသေးကြောင်း သိရသည်။ သတင်းပေးသော ဒေသခံများကိုလည်း အစီအစဉ်အရ ဂုဏ်ပြုခဲ့မှုများလည်း ရှိခဲ့ကြောင်း WCS မှ သိရသည်။

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ -WCS**



# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အဆောက်အအုံ ပန္နက်တင်

**ဘားအံ ဩဂုတ် ၃၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၄) ရပ်ကွက် သီရိလမ်း ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ရှိ အဆိုပါ အဆောက်အအုံမြေနေရာ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားလူမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အင်ဂျင်နီယာချုပ်(အဆောက်အအုံဦးစီးဌာန)တို့က သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ယခု တည်ဆောက်မည့် ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးသည် (၄၈×၆၀) ပေအကျယ် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်မည်ဖြစ်သည်။

ကယားပြည်နယ်၊ ရာဇဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အလားတူ ရုံးအဆောက်အအုံများကို ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**






# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသော NLD နာယက ဦးတင်ဦး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်၍ ဆေးရုံမှဆင်း

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ သုံးလကျော် ဆေးဝါးကုသမှုခံယူနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးသည် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီဖြစ်၍ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဆေးရုံမှ ပြန်လည်ဆင်းခဲ့သည်။

ဦးတင်ဦးသည် မေ ၁၇ ရက် ည ၁၁ နာရီခန့်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်ရှိ ၎င်း၏နေအိမ် ရေချိုးခန်းအတွင်း၌ ချော်လဲရာမှ ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ဝေဒနာခံစားခဲ့ရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူခဲ့ခြင်းဖြစ်သည်။

ဦးတင်ဦးသည် အသက် ၉၂ နှစ်အရွယ်ရှိပြီး နှလုံးနှင့်သွေးတိုးရောဂါရှိသဖြင့် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်၊ ဦးနှောက်နှင့် အာရုံကြောအထူးကု၊ နှလုံးရောဂါအထူးကုနှင့် အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်ကြီးများပါဝင်သော ဆေးကုသအဖွဲ့က အနီးကပ်ဆေးဝါးကုသစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ရာ ကျန်းမာရေးအခြေအနေမှာ တိုးတက်မှုများ ရှိလာသဖြင့် ယနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပြန်လည်ဆင်းခဲ့ခြင်းဖြစ်ပြီး နေအိမ်တွင် ကျန်းမာရေးအထောက်အကူပြု လေ့ကျင့်ခန်းများကို ဆက်လက်ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

## မိုးဆက်လက် ပိုနေမည်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးဆက်လက်ပိုနေမည်။ (မိုး/ဇလ)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ဖိုးနည်းအိမ်ရာ ရွှေလင်ပန်း ယုဇနအိမ်ရာအပိုင်း(၁)၊ (၂)နှင့် ကနောင်အိမ်ရာတိုက်ခန်းများကို မဲစနစ်ဖြင့် ပေါက်မဲတိုက်ခန်းများ မဲနှိုက်ပေးတော့မည်

**ရန်ကုန် ဩဂုတ် ၃၁**

အခြေခံလူတန်းစား အများပြည်သူ လူနေမှုအဆင့်အတန်း သင့်တင့်လျောက်ပတ်စွာ နေထိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးလျက်ရှိသည့် တန်ဖိုးနည်းအိမ်ရာများကို မဲနှိုက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မဲနှိုက်ပေးမည့် အိမ်ရာတိုက်ခန်းများမှာ လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ အပိုင်း(၂)၊ (၃) တိုက်ခန်းများနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက်နှင့် စစ်တောင်းရိပ်မွန် (၉၂) ရပ်ကွက်ရှိ တန်ဖိုးနည်းယုဇနအိမ်ရာ အပိုင်း(၁)၊ (၂)နှင့် (၉၈)ရပ်ကွက် ကနောင်တန်ဖိုးနည်း အိမ်ရာတိုက်ခန်းများပါဝင်ပြီး ဝယ်ယူလိုသည့် ပြည်သူများသည် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်C.H.D.Bဘဏ်ထံ၌ လျှောက်လွှာတင်သွင်းပြီး၍ သတ်မှတ်ထားသည့် တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ငွေပေးသွင်းပြီးသည့် စာရင်းဝင်အသိအမှတ်ပြုသူ ၄၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းမကြီးရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂ ရက်နှင့် ၄ ရက် နံနက်ပိုင်းမှစတင်၍ အများပြည်သူရှေ့မှောက်၌ ထင်သာမြင်သာ အမှတ်စဉ်အလိုက် မဲနှိုက်စနစ်ဖြင့် ပေါက်မဲတိုက်ခန်းများကို မဲနှိုက်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂ ရက် နံနက်ပိုင်း၌ ယခင်တန်ဖိုးနည်း ယုဇနအိမ်ရာတိုက်ခန်းများ ဝယ်ယူလိုခွင့် စောင့်ဆိုင်းကျန်ရှိသည့် စာရင်းဝင်အသိအမှတ်ပြု ၉၅ ဦးနှင့် ကနောင်တန်ဖိုးနည်း တိုက်ခန်းဝယ်ယူခွင့် စာရင်းဝင် ၆၃ ဦးတို့ကို မဲနှိုက်မည်ဖြစ်ပြီး မွန်းလွဲပိုင်း လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၂)၊ (၃)တိုက်ခန်းဝယ်ယူလိုခွင့် စာရင်းဝင်အသိအမှတ်ပြု ဦးရေ ၁၂၂ ဦးတို့က တိုက်ခန်းပေါက် မဲနှိုက်မည်ဖြစ်သည်။ ယင်းနောက် စက်တင်ဘာ ၄ ရက် နံနက်ပိုင်း၌ တန်ဖိုးနည်းယုဇနအိမ်ရာ အပိုင်း(၁)၊(၂) တိုက်ခန်းများ တွင် လျှောက်လွှာတင်သွင်းပြီး စာရင်းဝင်အသိအမှတ်ပြုသူ ၂၀၆ ဦးတို့က တိုက်ခန်းပေါက်မဲနှိုက်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းတစ်ခန်း၏ အနည်းဆုံးတန်ဖိုးငွေကျပ်မှာ ၉၈ သိန်းနှင့် အများဆုံးငွေကျပ် ၁၃၅ သိန်းကျပ်ဖြစ်ကြောင်း၊ တန်ဖိုးနည်း ရွှေလင်ပန်းအိမ်ရာ အပိုင်း(၂)၊ (၃)နှင့် ကနောင်တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းများကို အခြေခံလူတန်းစား ပြည်သူများက ဝယ်ယူလို၊ လျှောက်ထားမှု အားနည်းနေသေးပြီး တိုက်ခန်းအပိုလွတ်များ ကျန်ရှိနေသေးကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ထွန်းက ပြောသည်။ **ကျင်မောင်**



# မြန်မာ့အာမခံလုပ်ငန်းမှ ယခုနှစ် ဧပြီလမှ ယနေ့အထိ လျော်ကြေးငွေကျပ် ၂၈၇၃ ဒသမ ၇၈ သန်းပေးလျော်ပြီးဖြစ်

**ရန်ကုန် ဩဂုတ် ၃၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံအကာအကွယ်များ ဝယ်ယူထားရှိပြီး ကုန်ပစ္စည်း၊ မော်တော်ယာဉ်၊ အဆောက်အအုံ၊ လူအသက်ဆုံးရှုံးခဲ့သူများသို့ လျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ယနေ့ ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ယခုအခမ်းအနားတွင် သင်္ဘောသားအသက်အာမခံလုပ်ငန်းမှ အာမခံသက်တမ်းအတွင်း ကွယ်လွန်သူသင်္ဘောသားတစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ ဖြင့် ကွယ်လွန်သူသုံးဦးအတွက် အကျိုးခံစားခွင့် ငွေကျပ် ၁၅ သန်း၊ အလုံးစုံမော်တော်ယာဉ်အာမခံထားရှိသော မော်တော်ယာဉ်သုံးစီးအတွက် ငွေကျပ် ၈ ဒသမ ၈၆ သန်း၊ မီးလောင်မှု လျော်ကြေးငါးစောင် ရေစိုပျက်စီးမှုလျော်ကြေးငါးစောင်၊ လျှင်ကြောင့်ပျက်စီးမှု လျော်ကြေးခြောက်စောင်၊ လေမုန်တိုင်းကြောင့် ပျက်စီးမှုလျော်ကြေးနှစ်စောင် စုစုပေါင်း ၁၈ စောင်အတွက် လျော်ကြေးငွေကျပ် ၁၀၂၁ ဒသမ ၃၁ သန်း စုစုပေါင်း လျော်ကြေးငွေကျပ် ၁၀၄၅ ဒသမ ၁၇ သန်းကို ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ လက်ခံဆောင်ရွက်ပေးသကဲ့သို့ နစ်နာဆုံးရှုံးမှုဖြစ်ပွားသူများကိုလည်း နစ်နာကြေးပေးလျော်ငွေများ လျင်မြန်စွာစိစစ်ထုတ်ပေးခြင်းဖြင့် အာမခံလုပ်ငန်းအပေါ် ပြည်သူများ ပိုမိုယုံကြည်အားကိုးလာကာ ပြည်သူတို့၏အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အာမခံလျော်ကြေး၊ နစ်နာကြေးလက်ခံရရှိသူများက ကျေးဇူးတင်စကားပြောကြားသည်။ ယခုနှစ် ဧပြီ ၁ ရက်မှ ယနေ့အထိ မြန်မာ့အာမခံလုပ်ငန်းမှ စုစုပေါင်းလျော်ကြေးငွေကျပ် ၂၈၇၃ ဒသမ ၇၈ သန်းကို ပေးလျော်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



❍ ရှေ့ဖုံးမှ

အမေရိကန်ဒေါ်လာ ၇၉၂ ဒသမ ၅၄၃ သန်း အပါအဝင် မြန်မာငွေကျပ် ၁၅၇၂၈၂ ဒသမ ၁၀၃ သန်းဖြစ်ပါကြောင်း၊ စိစစ်ခွင့်ပြုခဲ့သည့် လုပ်ငန်း ၅၁ ခုမှ အကျိုးအမြတ်အနေဖြင့် အခွန်အရပ်ရပ်နှင့် မြေငှားရမ်းခများ ပုံမှန်တစ်နှစ်အတွက် ငွေကျပ် ၁၁၃၈၅၉ ဒသမ ၁၅၄ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၄၅ သန်း ရရှိခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၀/၂၀၁၇) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ်** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်မော်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက** သစ်တောကဏ္ဍ၏ မတ်လကုန်အထိ ထုတ်လုပ်မှုတန်ဖိုးမှာနှစ်အလိုက် ဈေးနှုန်းများအရငွေကျပ် ၅၈၇၂၆ ဒသမ ၈ သန်းရရှိပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၆၄ ဒသမ ၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ပုံမှန်ဈေးနှုန်းအရ လျော့နည်းခဲ့ရသည့်အကြောင်းအရင်းများအနက် အဓိကအချက်မှာ ယခင်နှစ်များက ကျွန်းတန် ၆၀၀၀၀ နှင့် သစ်မာ တန် ၆၇၀၀၀၀ ထုတ်လုပ်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တစ်နိုင်ငံလုံးတွင် သစ်ထုတ်လုပ်မှု ရပ်သိမ်းခဲ့ပါကြောင်း၊ ထို့ပြင် သစ်တောများပြန်လည်တည်ထောင်နိုင်ရန် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ထုတ်လုပ်မှု တစ်နှစ်ရပ်နားရန်နှင့် ပဲခူးရိုးမမှ သစ်ထုတ်လုပ်မှု ၁၀ နှစ်ရပ်နားရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ် သစ်ထုတ်လုပ်မှု တစ်နှစ်ရပ်နားခဲ့သော်လည်း ပြည်တွင်းသုံးစွဲမှုနှင့် သစ်အခြေခံစက်ရုံများအတွက် သစ်လုံးလက်ကျန် လုံလောက်စွာရှိနေသဖြင့် သစ်ကုန်ချောထုတ်လုပ်မှုကို ထိခိုက်မှုမရှိခဲ့ကြောင်း။

အကောင်အထည်ဖော်နိုင်

သတ္တုကဏ္ဍ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်မှာ ငွေကျပ် ၉၄၄၆၅၀ ဒသမ ၆သန်းဖြစ်ပါကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ္တုနှင့် တွင်းထွက်ပစ္စည်း ကဏ္ဍ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အလိုက် ဈေးနှုန်းများအရ ငွေကျပ် ၈၃၅၂၇၉ ဒသမ ၅ သန်းရရှိခဲ့ပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၈၈ ဒသမ ၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း ဝန်ကြီးဌာနအနေဖြင့် ငွေကျပ် ၇၇၆၅၃၅ ဒသမ ၄၇၇ သန်း ရရှိခဲ့သည့်အတွက် စီမံကိန်းရည်မှန်းချက်အပေါ် ၁၁၈ ဒသမ ၃၂ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီအရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော **၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာ (၁၁/၂၀၁၇)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ်** ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် အမှန်စာရင်းထက် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းတွင် ရငွေလျော့နည်းခြင်းမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ်မှ ဦးစီးဌာနသို့ ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် KDDI နှင့် Joint Operation ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် အကျိုးတူကျောက်မျက်ရောင်းရငွေအပေါ် ခွဲဝေသည့်အချိုးကို ၄၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ခြင်း၊ ကျောက်မျက်ရတနာဥပဒေအရ ကောက်ခံသည့်ဝန်ဆောင်မှု ၃ ရာခိုင်နှုန်းရငွေများ လျော့နည်းခြင်း၊ မြန်မာ့သစ်လုပ်ငန်းသည် နိုင်ငံခြားသို့ သစ်အလုံးလိုက် တင်ပို့ရောင်းချမှု ရပ်ဆိုင်းလိုက်သဖြင့် လျော့နည်းခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် ရေနံထွက်ပစ္စည်း၊ ယူရီးယား၊ ရေနံမီးသွေးနှင့် ရေနံဓာတ်ငွေ့ရည်များ ထုတ်လုပ်ရောင်းချမှုမှရငွေများ လျော့နည်းရရှိခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

သက်တမ်းတိုးခေါ်ယူခြင်းမပြု

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းထက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ယာယီစာရင်းတွင် ရငွေလျော့နည်းခြင်းမှာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ သက်တမ်းကုန်လုပ်ကွက်များကို သက်တမ်းတိုးခေါ်ယူခြင်းမပြုတော့ဘဲ လစ်လပ်လုပ်ကွက်များအဖြစ် ထိန်းသိမ်းထားသောကြောင့် လုပ်ကွက်အဆိုပြုငွေများ လျော့နည်းရရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် JO စာချုပ်အရ Minimum Guarantee ရရှိမှုမှာ ၂၀၁၄-၂၀၁၅ ခုနှစ် တွင် ၄၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းဖြစ်သဖြင့် နှစ်စဉ်လျော့နည်းခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ကမ္ဘာ့သဘာဝဓာတ်ငွေ့ဈေးနှုန်း ကျဆင်းခြင်းတို့ကြောင့် ရငွေလျော့နည်းရခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း ပြန်လည်ရှင်းလင်းသည်။

အဆိုပါ အစီအရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဥပဒေ ၂၀ ခု ထုတ်ပြန်ကြေညာ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယခုအစည်းအဝေးကာလအတွင်း ဥပဒေသစ်ရှစ်ခု၊ ပြင်ဆင်သည့် ဥပဒေ ၁၁ ခု၊ ရုပ်သိမ်းသည့် ဥပဒေတစ်ခု စုစုပေါင်း ဥပဒေ ၂၀ ခု ထုတ်ပြန်ကြေညာနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရန် လိုအပ်သည့် ပြည်ပချေးငွေ ဆိုင်ရာကိစ္စရပ်တစ်ခု၊ အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စရပ်ရှစ်ခု၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ၂၀၁၇ ခုနှစ်၊ ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ ထုတ်ပြန်ရေးကိစ္စအပါအဝင် ကြွေးမြီဆိုင်ရာ အစီရင်ခံစာနှစ်ခု၊ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးဆိုင်ရာ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှစ်ခု၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် အခွန်ကောက်ခံရရှိမှုအပါအဝင် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာကိစ္စရပ်တင်ပြချက်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးခြင်းနှင့် အတည်ပြုမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြို့နယ်အချို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများရွေးချယ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်းပြီး တိုင်ကြားတင်ပြမှုများ ရှိနေပါကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များအနေဖြင့် မြို့နယ်အလိုက် အမှန်တကယ်တာဝန်ယူဆောင်ရွက်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်တာဝန်ပေးအပ်ပြီး မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပြီး ညှိညှိနှိုင်းနှိုင်းဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။ **မျိုးမြင့်၊ မွေးကြူဇင်(သတင်းစဉ်)**

# ကျေးရွာမီးလင်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ညှိနှိုင်းဆွေးနွေးရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၏ **ကျေးလက်ဒေသများ၏ လူနေမှုဘဝနှင့် အခြေခံအဆောက်အအုံမြှင့်တင်ရေးတွင် ကျေးလက်နေလူတန်းစားအားလုံး ပါဝင်လာနိုင်ရေးအတွက် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီများ၏မူများကို သက်ဆိုင်ရာဌာနများမှ ပြင်ဆင်ရေးဆွဲ၊ အတည်ပြု၊ ပြဋ္ဌာန်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေကို အသုံးပြု၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ၎င်းတို့၏ နှစ်စဉ်ဘတ်ဂျက်ခွဲဝေရရှိမှုများအရလည်းကောင်း၊ နိုင်ငံတကာမှ နှစ်စဉ်ချေးငွေများမှ ရယူ၍လည်းကောင်း၊ ကျေးရွာများကို လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုအစီအစဉ်များထက် ဓာတ်အားများ ဆောလျင်စွာရရှိနိုင်ရန် ကျေးရွာများမှ ရွာသူရွာသားများက ငွေကြေးစုဆောင်းကြပြီး ကျေးရွာ၏အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်

မီးလင်းရေးကို ဆောင်ရွက်လျက်ရှိကြပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ကျေးရွာမီးလင်းရေးကော်မတီက မီးလင်းရေးများကို ဆောင်ရွက်ကြရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက် ၁၂ ချက်ကို သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ အချက် ၁၂ ချက်၏ ရည်ရွယ်ချက်သည် ကျေးရွာမီးလင်းရေးကော်မတီက တည်ဆောက်ရမည့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးစသည့် နည်းပညာဆိုင်ရာ အချက်များကို ကျေးရွာအကျိုးအတွက် သတ်မှတ်ပေးခဲ့ပါ ကြောင်း။

မီးလင်းရေးကော်မတီအား အသင်းအဖွဲ့များ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျေးရွာလူထုမှ ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရွေးချယ်ခဲ့ပါကြောင်း၊ မီးလင်းရေးကော်မတီက သက်တမ်းသတ်မှတ်နိုင်ရေးနှင့် သက်တမ်းပြည့်ပါက ထပ်မံရွေးချယ်ပါကြောင်း၊ မီးလင်းရေးကော်မတီမှ နှစ်စဉ် ငွေစာရင်းရှင်းလင်းသွားရန်၊ ငွေကြေးမရှင်းလင်းနိုင်မှုနှင့် အလွဲသုံးစားမှုများ ထင်ရှားနေပါက ကော်မတီအား မီးယူထားသည့် အိမ်ထောင်စုများမှ မဲပေး၍ ပြန်လည်ရွေးချယ်ဖွဲ့စည်းပါကြောင်း၊ ယင်းအချက်များကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများပူးပေါင်းပါဝင်ညှိနှိုင်းပြီး ကျေးရွာမီးလင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ညှိနှိုင်းဆွေးနွေးရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဒေါ်ရှားမူ၏ **ကယားပြည်နယ် ဖရူဆိုမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြို့နယ်အဆင့်ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပါက ဘဏ်ခွဲအဆောက်အအုံအတွက် မြေနေရာ၊ ငွေတိုက်ငွေသိုလှောင်ခန်း၊ ငွေပို့ငွေသယ်မော်တော်ယာဉ်



မန္တလေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁၀)မှ
ဦးကျော်မြင့်ဦး

စသည့်တို့အပြင် ဝန်ထမ်းဦးရေ ၁၅ ဦးမှ ၂၀ ဦးအထိ ခန့်ထားရန် လိုအပ်ပါကြောင်း၊ ဖရူဆိုမြို့သည် လွိုင်ကော်မြို့နှင့် ၂၂ မိုင်ကွာဝေးပြီး လူဦးရေသုံးသောင်းခန့်သာရှိသည့်အတွက် ဘဏ်လုပ်ငန်းများကို လွိုင်ကော်ခရိုင် ဘဏ်ခွဲကသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ဖရူဆိုမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန်အတွက် မြေနေရာရရှိထားပြီး ငွေတိုက် အဆောက်အအုံဆောက်လုပ်ရန် မြေနေရာရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖရူဆိုမြို့သည် လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးကောင်းမွန်လာပြီဖြစ်ခြင်း၊ လျှပ်စစ်မီး ၂၄ နာရီရရှိခြင်း၊ တယ်လီဖုန်းလိုင်းများ ကောင်းမွန်ခြင်းတို့ကြောင့် မြို့နယ်ဘဏ်ခွဲအဖြစ် လောလောဆယ် ဖွင့်လှစ်မပေးနိုင်သေးသော်လည်း မြန်မာ့စီးပွားရေးဘဏ်နှင့် အကျိုးတူပူးပေါင်း၍ မိုဘိုင်းဘဏ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ Myanmar Mobile Money လုပ်ငန်းနှင့် ညှိနှိုင်း၍ Mobile ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ ရှိ၊ မရှိ သုံးသပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ငွေတိုက်အဆောက်အအုံအတွက် မြေနေရာရရှိလာပါက နှစ်စဉ်ဘတ်ဂျက်တင်ပြတောင်းခံချိန်တွင် ထည့်သွင်းတောင်းခံပြီး ပထမဦးစွာ ဘဏ်ငွေတိုက်ခွဲအဆင့်ပေးခြင်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်နှင့်ဆက်သွယ်သူများပြားလာမှုအပေါ်မူတည်ပြီး မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ခြင်းတို့ကို ဆက်လက်သုံးသပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသည် ၂၀၁၇ ခုနှစ် မေ ၁၈ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အစည်းအဝေးကျင်းပရက် ၅၃ ရက် ကျင်းပခဲ့ပြီး အစည်းအဝေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၂၃၅ ခုနှင့် ကြယ်ပွင့်မပြ မေးခွန်း ၂၀၈ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုချင်းအနေဖြင့် လည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုတင်သွင်းခြင်း ကဏ္ဍတွင် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုခြောက်ခုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူညီခဲ့သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အဆိုလေးခုကို အတည်ပြုခြင်း၊ အဆိုတစ်ခုကို မှတ်တမ်းတင်ခြင်းနှင့် ဆက်လက်ဆောင်ရွက်ရန် အဆိုတစ်ခု ကျန်ရှိပါကြောင်း။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ကပေးပို့ထားသည့် ဥပဒေကြမ်းငါးခုတို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

## အရေးကြီးအဆို နှစ်ခု အပါအဝင် အဆို ၂၃ ခု တင်သွင်းနိုင်၊ ဥပဒေကြမ်း ၁၆ ခုကို အတည်ပြုနိုင်ပြီး ဆောင်ရွက်ရန်ဥပဒေကြမ်း ၁၇ ခု ကျန်ရှိ



နေပြည်တော် ဩဂုတ် ၃၁

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၄) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၏ **ပြည်တွင်း၌ စိုက်ပျိုးရေးလုပ်ကိုင်နေကြသော တောင်သူလယ်သမားများကို ကမ္ဘာ့နိုင်ငံများ၌ အသုံးတွင်ကျယ်နေပြီး ဈေးကောင်းလည်းရသော အော်ဂဲနစ် စိုက်ပျိုးရေးနည်းပညာများ စနစ်တကျ တိုးတက်အောင်မြင်လာရေး ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတကာတွင် အော်ဂဲနစ်စိုက်ပျိုးခြင်းမှ ထွက်ရှိသောသီးနှံများ၏ ဈေးနှုန်းသည် ပုံမှန်စိုက်ပျိုးထုတ်လုပ်သော သီးနှံဈေးနှုန်းထက် နှစ်ဆမှ ငါးဆခန့် ပိုမိုရရှိသော်လည်း အမှန်စိုက်ပျိုးထုတ်လုပ်သုံးစွဲမှုပမာဏမှာ ရာခိုင်နှုန်းအနည်းငယ်သာရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့အတူ ပြည်တွင်းဈေးကွက်တွင်လည်း အော်ဂဲနစ်သီးနှံ၏ ဈေးနှုန်းသည် ပုံမှန်စိုက်ပျိုးထုတ်လုပ်သော သီးနှံဈေးနှုန်းနှင့် သိသိသာသာကွာခြားမှုမရှိသေးသည့် အခြေအနေဖြစ်နေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးအခြေခံကောင်းများ ရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (CARTC) တွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများကို အော်ဂဲနစ်စိုက်ပျိုးရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ အခြားနည်းပညာသင်တန်းများတွင်လည်း အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲသည့် နည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခြင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများမှတစ်ဆင့် နည်းပညာများ ပြန့်ပွားစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဟင်းသီးဟင်းရွက်သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၌ ဓာတုဆေးလွတ် အော်ဂဲနစ် စံပြစိုက်ခင်းများ စိုက်ပျိုး၍ တောင်သူများကို လက်တွေ့ပြသပေးခြင်း၊ သဘာဝမြေဩဇာများ၊ ရွက်ဖျန်းမြေဩဇာများ၊ တီကောင်စွန့်ပစ်မြေဩဇာများ စသည့် အော်ဂဲနစ်မြေဩဇာများကို လက်တွေ့ပြုလုပ်ပညာပေးခြင်း၊ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အော်ဂဲနစ်မြေဩဇာများ၏ သီးနှံများအပေါ် အကျိုးသက်ရောက်မှုများကို သုတေသနပြုဆောင်ရွက်လျက်ရှိပြီး တောင်သူများကို နည်းပညာများ ဖြန့်ဝေပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၏ **ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းစနစ်ဖြင့် နှစ်ပေါင်းများစွာ တောင်ယာစိုက်ပျိုးသူများကို ၎င်းတို့၏ ဆင်းရဲတွင်းမှ လွတ်မြောက်ရန်၊ သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်၊ လယ်ယာမြေ ပဋိပက္ခဖြစ်ခြင်းမှ ကာကွယ်ရန်၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းစနစ်ကို အစားထိုးရန်အတွက် ခိုင်မာကျစ်လျစ်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ စီမံကိန်းများလုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဒုတိယကာလတို ငါးနှစ် လယ်ယာကဏ္ဍမူဝါဒ ၁၀ ရပ်ကို ချမှတ်ဆောင်ရွက်ရာတွင် မြေယာအသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ် ၁၂ ရပ်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်မှု၊ နည်းပညာနှင့် စက်ယန္တရားများ ပါဝင်ကူညီဖြည့်ဆည်းမှုများဖြင့် ပူးပေါင်းအကူအညီပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရသစ်ကာလအတွင်း ပြည်နယ် သုံးခုတွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ကုန်းမြင့်လယ်ယာမြေ ဧက ၁၆၅၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၁၃၄၈ ဧက တို့ကို ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ် (Sustainable Agriculture) ဖြစ်တည်ရန် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း နည်းစနစ်တို့ကို ယှဉ်တွဲဖော်ဆောင်၍ စီးပွားရေးတွက်ခြေကိုက်ပြီး တောင်သူ အလွယ်တကူ လိုက်ပါဆောင်ရွက်နိုင်သော နည်းစနစ်တို့ကို ပညာပေးဆောင်ရွက်လျက်ရှိပြီး တောင်သူများ လိုက်ပါဆောင်ရွက်မှု တိုးတက်လာစေရေးအတွက် အစီအမံများ ချမှတ်ပြီး စည်းရုံးပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်းနှင့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ၂၀၁၇ ခုနှစ် မေ ၁၈ ရက်က စတင်ကျင်းပခဲ့သည့် ပဉ္စမပုံမှန် အစည်းအဝေးသည် ယနေ့တွင် ၅၄ ရက်မြောက် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း အခု ၃၁၀ မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၇၂၉ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အရေးကြီးအဆို နှစ်ခု အပါအဝင် အဆို ၂၃ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ၁၁ ခုနှင့် မှတ်တမ်းတင်အဆို ၁၂ ခုတို့ ဖြစ်ကြပါကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၃၃ ခုရှိပြီး ဥပဒေကြမ်း ၁၆ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆောင်ရွက်ရန်ဥပဒေကြမ်း ၁၇ ခု ကျန်ရှိပါကြောင်း။

ယခုအစည်းအဝေးကာလအတွင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး ကတိသစ္စာပြုခြင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသည့် ကော်မတီ ၁၉ ခု၏ နှစ်ပတ်လည်အစီရင်ခံစာများကို အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ သက်တမ်းတိုးမြှင့်ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ တာဝန်များကို ပြင်ဆင်သတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကို ကော်မတီအဖွဲ့ဝင်ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကို ကော်မတီအဖွဲ့ဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်ခြင်းနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးကို လေ့လာသူများအဖြစ် အစားထိုးတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်သည့်အခါတွင် မိမိတို့ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူလူထုကို အကာအကွယ် မပေးနိုင်သည့် ဥပဒေများဖြစ်နေပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နှောင့်နှေးစေနိုင်သည်ကို အထူးသတိပြုကြရမည်ဖြစ်ပါကြောင်း၊ တင်းကျပ်သည့် ဥပဒေများသည် ပြင်းထန်သည့် အုပ်ချုပ်မှုပုံစံ (Extremism) နှင့် ဥပဒေအရ အုပ်ချုပ်ခြင်းပုံစံ (By the Law) များကို ဦးတည်သွားစေနိုင်ပါကြောင်း၊ ယင်းသို့အဖြစ်မျိုးများကို ရှောင်ရှားပြီး ဥပဒေဆိုသည်မှာ ဖိနှိပ်ချုပ်ချယ်ရေးအတွက်မဟုတ်ဘဲ အခြေခံလူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်မှသာ လူထုအကျိုးပြု ဥပဒေများအဖြစ် ပြည်သူက အားကိုးယုံကြည်လာကြမည်ဖြစ်ပါကြောင်း၊ ထို့အတူ လွှတ်တော်၏ လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် (Check and Balance) ကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်စားလှယ်များ လုပ်ပိုင်ခွင့်၊ ဆောင်ရွက်ခွင့်ရနေသည်ကို ကိုယ်တိုင်မြင်တွေ့ကြား သိကြပြီးဖြစ်ပါကြောင်း၊ **မိမိတို့အနေဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များ၊ စည်းကမ်းချက်များနှင့် မညီညွတ်သည့် မေးခွန်းများ၊ အဆိုများကိုသာ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာအတွက် ပြန်လည်ပြင်ဆင်တည့်မတ်ပေးခြင်း အနည်းငယ်သာရှိသည်ကို ပွင့်လင်းစွာ အသိပေးပြောကြားလိုပါကြောင်း။**

အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံသည့်အခါတွင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ပြုမူဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ ပြည်သူလူထုက ယုံကြည်အားကိုး လေးစားတန်ဖိုးထားရသူများအဖြစ် ပြုမူပြောဆို ဆက်ဆံနေထိုင်သွားကြရန် အထူးမှာကြားလိုပါကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်၊ အာဏာပိုင်အဖွဲ့အစည်းက အလေးထားအပ်သူများအဖြစ် ကျင့်ကြံလုပ်ကိုင်ကြရန် အရေးကြီးပါကြောင်း၊ မိမိတို့သည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်နေသူများပီပီ ပြည်သူလူထုကိုလည်း ဒီမိုကရေစီယဉ်ကျေးမှုနှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို လေးစားလိုက်နာကြစေရေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် (All Inclusive Democracy) ဖြစ်လာရေး မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးတာဝန်များကို တာဝန်သိသိ၊ သစ္စာရှိရှိနှင့် ဆက်လက်ထမ်းဆောင်နိုင်ကြရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကို အမြဲမပြတ် စွမ်းရည်မြှင့်တင်ဆောင်ရွက်နိုင်ရန်လည်း ကြိုးစားပေးကြပါ။ ပြည်သူလူထုနှင့် ကင်းကွာမနေဘဲ ပြည်သူ့ကြားက ပြည်သူ့ကိုယ်စားလှယ်များအဖြစ် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆောင်ရွက်ပေးကြပါ။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးကြပါ။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းများကိုလည်း စေ့စေ့စပ်စပ်ဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး ပြည်သူအားလုံးပူးပေါင်းပါဝင်သည့် (Public Democratic Participation) ဖော်ဆောင်ရေးကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီကို တစ်နည်းနည်းဖြင့် နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်ကိုလည်း မျက်ခြည်မပြတ် သတိပြုကာကွယ်ပေးကြပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းမှ သွေဖည်သွားနိုင်အောင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး ပျက်ပြားစေနိုင်သည့် အကြမ်းဖက်မှု အန္တရာယ်များကိုလည်း သတိတရားလက်ကိုင်ထားပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းတားဆီးဖယ်ရှားပေးကြပါဟု ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ မီမီဖြိုး**

## ရုံးဝန်ထမ်းများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၃၁**

ပညာရေးဝန်ကြီးဌာန ရုံးဝန်ထမ်းများ အင်္ဂလိပ်စာ ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း (English Language Proficiency Upgrading Course) ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ပညာရေးဝန်ကြီးဌာနရှိ သင်တန်းခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ရုံးဝန်ထမ်းများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုမြှင့်တင်ရေး သုံးလ သင်တန်းသို့ အရာထမ်း၊ အမှုထမ်း ၄၀ တက်ရောက်သင်ကြားလျက်ရှိကြောင်းနှင့် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ရုံးဝန်ထမ်း၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလေ့ကျင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေမြုပ်ပျက်စီး စပါးစိုက်ခင်းများအတွက် မျိုးစပါးများထောက်ပံ့ပေးရန်တောင်သူများမျှော်

**ပန်းတောင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ နှစ်ကြိမ်တက်မှုကြောင့် နှစ်ကြိမ်ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် ထပ်မံပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများ ထောက်ပံ့ပေးရန် တောင်သူများမျှော်လင့်လျက်ရှိကြောင်း သိရသည်။

“မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မျိုးစပါးများ၊ မြေဆီများ ထောက်ပံ့ပေးနိုင်ဖို့တော့ တင်ပြထားပါတယ်။ မြို့နယ်ရုံးမှာ လက်ရှိရက် ၉၀ မြန်မာမျိုးစပါးတော့ ရှိပါသေးတယ်။ ကြိုးစားပြီးတော့ ဆောင်ရွက်ပေးနေပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

“စိုက်ပျိုးရေးဌာနက မျိုးစပါးများထောက်ပံ့ပေးနိုင်ရင် အဆင်ပြေမယ်၊ မရရင်တော့ မိုးကုန်မှ ကုလားပဲ၊ မတ်ပဲတွေပဲ စိုက်ရမလိုဖြစ်နေပြီး ဒါကြောင့် ဦးစီးမှူးကို မျိုးစပါးထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ပေးပါလို့ ပြောထားရတယ်။ တောင်သူတွေကတော့ မျှော်လင့်နေတာပေါ့ဗျာ”ဟု လယ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ပန်းတောင်းမြို့နယ်သည် စိုက်ပျိုးရေးကို ဦးစားပေးသော မြို့နယ်ဖြစ်သည့်အလျောက် မိုးစပါးစိုက်ဧကမှာ ၄၆၉၃၁ ဧကရှိကာ ၂၄၉၉၆ ဧကသာစိုက်ပျိုးပြီး ကျေးရွာအုပ်စု ၁၄ အုပ်စုတွင် ရေလွှမ်းလယ်မြေ ၂၀၂၄ ဧကရှိသဖြင့် ဧကပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးဟောပြောခြင်း၊ ကောက်စိုက်စက်၊ အစေ့ချကိရိယာများဖြင့် စိုက်ပျိုးနည်းများကိုပါ သင်ကြားပြသပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့် (ပန်းတောင်း)**

***အမျိုးသားလွှတ်တော်မှ***

အမျိုးသားလွှတ်တော်မှ အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် ဥပဒေကြမ်း လေးခုကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါကြောင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့သည့် ဥပဒေကြမ်း ကိုးခုကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ဥပဒေကြမ်း ခုနစ်ခုကို ပြင်ဆင်ချက်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်း နှစ်ခုကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍လည်းကောင်း ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်းဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ တင်ပြခဲ့ပါကြောင်း။ ထို့အတူ ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် ကော်မတီ ၁၂ ခု၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက လွှတ်တော်အစည်းအဝေးကာလအတွင်း အစည်းအဝေး စုစုပေါင်း ၁၇၄ ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို ရှစ်ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း။

ကိုယ်စားလှယ်များအတွက် သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို သုံးစောင် ထုတ်ဝေခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် ၁၁၃ စောင်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ ၂၄ စောင် ရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါကြောင်း ပြောကြားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၅၃ ရက်မြောက်နေ့ကို ရပ်နားခြင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်တောမြေများကို မြေငှားဂရန်ရရှိသူများက စာချုပ်ပါအတိုင်းဆောင်ရွက်မှုမရှိဘဲ စာချုပ်ဖောက်ဖျက်သူများကို စာချုပ်ဖျက်သိမ်းခြင်း၊ စာချုပ်ပါမြေပြန်လည်သိမ်းဆည်းခြင်း ဆောင်ရွက်မည်

**ရန်ကုန် သြဂုတ် ၃၁**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ယနေ့ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး ပထမနေ့တွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၁၂ ဦးတို့က ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့ပြီး တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့သည်။




ဒုတိယအကြိမ် ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပထမနေ့ ကျင်းပစဉ်

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းများအနက် လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များအား အဆင့်အတန်းမီ တက္ကသိုလ်များဖြစ်အောင် ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်မည်၊ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်း၊ ယခင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ RC -2) ယခု ပညာရေးတက္ကသိုလ် ကျောင်းခွဲရှိ ပျက်စီးယိုယွင်းနေမှုများအား ပြန်လည်ပြင်ဆင်မွမ်းမံရန် အစီအစဉ် ရှိ/မရှိ၊ ပြုပြင်မွမ်းမံပြီးပါက မည်ကဲ့သို့ စီမံခန့်ခွဲ၍ ပြန်လည်အသုံးပြုမည်ကို သိရှိလိုပါကြောင်း** မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြန်လည်ဖြေကြားရာတွင် "ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များအား အဆင့်မီတက္ကသိုလ်များဖြစ်အောင် နှစ်စဉ်ဘဏ္ဍာငွေပေါ်မူတည်၍ ပြန်လည်မွမ်းမံပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကြီးကြပ်မှု ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန့်ရှင်းသပ်ရပ်မှုရှိစေရန်အတွက်လည်း လိုအပ်သည့် သန့်ရှင်းရေးဝန်ထမ်းများခန့်ထားပြီး စီမံခန့်ခွဲရေးဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း"ဟု ဖြေကြားခဲ့သည်။ ဆက်လက်၍ ဝန်ကြီးက "လှိုင်တက္ကသိုလ်နယ်မြေရှိ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းအား ရန်ကုန်တက္ကသိုလ်ကို လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ပျက်စီးမှုများကို ရန်ကုန်တက္ကသိုလ် အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများအဆင့်မြှင့်တင်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ပြုပြင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း" ဟု ဖြေကြားခဲ့သည်။

ထို့ပြင် တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်က **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်တောမြေများကို နှစ် ၃၀ မြေငှားဂရန်စနစ်ဖြင့် ချုပ်ဆိုထားသော မြေငှားဂရန် ရရှိသူများက စာချုပ်ပါအတိုင်း ဆောင်ရွက်ထားမှုမရှိဘဲ စာချုပ်ဖောက်ဖျက်သူများကို စာချုပ်ဖျက်သိမ်းခြင်း၊ စာချုပ်ပါမြေကို သစ်တောဦးစီးဌာနမှ ပြန်လည်သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ** မေးမြန်းခဲ့သည်။

အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ပြန်လည်ဖြေကြားရာတွင် "ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုက်ကြီး၊ လှည်းကူး၊ ကော့မှူး၊ တွံတေးမြို့နယ်များအတွင်း သစ်တောမြေများမှာ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို နှစ် ၃၀ မြေငှားစနစ်ဖြင့် ခွင့်ပြုခဲ့ရာ ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သူပေါင်း ၁၀၆ ဦးရှိပါကြောင်း၊ ချုပ်ဆိုခဲ့သည့် စိုက်ခင်းဧက ၂၅၇၇၄ ဧကဖြစ်ပြီး စာချုပ်စည်းကမ်းဖောက်ဖျက်၍ စိုက်ခင်းမြေဧကပေါင်း ၂၁၉၄၅ ဧကအား ဌာနမှ ပြန်လည်သိမ်းဆည်းခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် စာချုပ်စည်းကမ်းဖောက်ဖျက်မှုဖြင့် ပြန်လည်သိမ်းဆည်းရန် ပုဂ္ဂလိကသစ်မာစိုက်ခင်းလုပ်ငန်းရှင် ၄၉ ဦး၏ စာချုပ်ချုပ်ဆိုခွင့်ပြုခဲ့ပြီး ၇၄၂၆ ဧကအနက်မှ ၅၂၄၉ ဧကကို ပြန်လည်သိမ်းဆည်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် သြဂုတ်လမှစ၍ စိုက်ခင်းတည်ထောင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အမှန်တကယ်စိုက်ပျိုးရေး၊ အောင်မြင်သောစိုက်ခင်းများဖြစ်စေရေး စသည့် အချက်များဖြင့် ဆောင်ရွက်ဆဲ စိုက်ခင်းဧကများနှင့် ဆောင်ရွက်လိုသည့် စိုက်ခင်းဧကအတိုင်း လုပ်ငန်းအာမခံငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းနဲ့ အာမခံ ကြိုတင်ငွေပေးသွင်းစေပြီး စိုက်ပျိုးခွင့်ပြုကြောင်းနှင့် စိုက်ခင်းအောင်မြင်မှု ၇၀ ရာခိုင်နှုန်းအထက် မရှိလျှင်သော်လည်းကောင်း၊ စိုက်ပျိုးခြင်းမပြုလျှင်သော်လည်းကောင်း၊ စိုက်ပျိုးရန်ခွင့်ပြုပြီးသောမြေနှင့် လုပ်ငန်းအာမခံများကို သစ်တောဦးစီးဌာနမှ ပြန်လည်သိမ်းဆည်းခြင်းပြုမည်ဖြစ်ကြောင်းကို တရားဝင် အသိပေးကြေညာထားရှိပြီး ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့်ပြုခြင်းနှင့် ကုန်သွယ်ခွန်တို့ကို အောင်မြင်သောစိုက်ခင်းများဖြစ်မှသာ မြေငှားခပေးသွင်းစေပြီး စာချုပ်ဆက်လက်ချုပ်ဆို ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သိမ်းဆည်းစိုက်ခင်းများနှင့် ပတ်သက်၍ သတ်မှတ်ထားသော အချက်အလက်များနှင့် ပြိုင်စွန်းနေပြီး မအောင်မြင်ဘူး၊ မဆောင်ရွက်ဘူးဆိုလျှင် ဆက်လက်သိမ်းဆည်းသွားရန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း"ဟု ဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**

# မြန်မာ့ဒီမိုကရေစီပွဲတော် ပဏာမပြိုင်ပွဲ အနိုင်ရအငြိမ့်အသင်းများ ထုတ်ပြန်

**ရန်ကုန် သြဂုတ် ၃၁**

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ပဏာမအုပ်စုပြိုင်ပွဲများကို အောက်မြန်မာပြည် ရန်ကုန်မြို့နှင့် အထက်မြန်မာပြည် မန္တလေးမြို့တို့၌ ကျင်းပခဲ့ရာ အနိုင်ရရှိသော အသင်းများကို အငြိမ့်ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ယနေ့ ထုတ်ပြန်ကြေညာထားသည်။

ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ သြဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး ပါဝင်ယှဉ်ပြိုင်သည့် အသင်း ၂၁ သင်းရှိရာ အနိုင်ရရှိသော အသင်းများမှာ ခေတ်သစ်ကြေးမုံ၊ လူငယ်စတား၊ ရွှေညာမြေရဲ့ကြယ်ပွင့်များ၊ ဖူးသစ်ကြယ်စင်နှင့် ဇွဲအငြိမ့်တို့ဖြစ်ကြသည်။

အလားတူ အထက်မြန်မာပြည် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ သြဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး ပါဝင်ယှဉ်ပြိုင်သည့် အသင်း ၁၃ သင်းရှိရာ အနိုင်ရရှိသော အသင်းများမှာ စကားဝါမြေ၊ မန်းစတားနှင့် မော်ဒယ်ဟား အငြိမ့်အသင်းတို့ဖြစ်ကြသည်။

အဆိုပါ အနိုင်ရရှိသော အသင်းများသည် လာမည့်စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဗိုလ်လုပွဲအဖြစ် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ညနေ ၆ နာရီမှ စတင်ကာ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီပွဲတော်အငြိမ့်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများ၊ မင်းသမီးအကောင်းဆုံးဆု၊ ဆိုင်းအကောင်းဆုံးဆုနှင့် လူရွှင်တော်အကောင်းဆုံးဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) (စတုတ္ထနေ့)ဆက်လက်ကျင်းပ

**စစ်တွေ သြဂုတ် ၃၁**

ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၇) (စတုတ္ထနေ့)ကို သြဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပကြောင်း သိရသည်။ **(ယာပုံ)**




အစည်းအဝေးတွင် မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်၏ အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခြောက်ဦးတို့က အသီးသီးဆွေးနွေးကြပြီး အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဆွေးနွေးသည်။ ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်၏ အရေးကြီးအဆိုအား ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာပြီး ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက နိဂုံးချုပ်စကား ပြောကြားသည်။

ထို့နောက် ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပြီး အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

**(ခရိုင် ပြန်/ဆက်)**

# ရခိုင်ပြည်နယ်တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် သြဂုတ် ၃၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးဆက်လက်ပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**(မိုး/ဇလ)**

# ဆည်မြောင်းဥပဒေ ပြဋ္ဌာန်း

## ဆည်မြောင်းဥပဒေ

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇။)**

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်**

**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဆည်မြောင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆည်မြောင်း** ဆိုသည်မှာ ရေပေးဝေရန်ဖြစ်စေ၊ ရေသိုလှောင်ရန်ဖြစ်စေ စီမံဆောင်ရွက်ထားသော ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေတံခါး၊ ရေမြောင်း၊ ရေတင်စက်ရုံ၊ မြေအောက်ရေတွင်း၊ ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်၊ သဘာဝရေနုတ်မြောင်းတို့၏ အစိတ်အပိုင်းများ၊ တူးမြောင်း၊ ရေသွင်းရေလွှဲမြောင်း၊ မြောင်းပေါင်၊ ကမ်းပါးထိန်းနံရံတို့ကိုဆိုသည်။ အဆိုပါစကားရပ်တွင် ဆည်မြောင်းလုပ်ငန်း၊ ယင်းနှင့်ဆက်စပ်သော အဆောက်အအုံနှင့် စက်ယန္တရားလည်း ပါဝင်သည်။

(ခ) **ဆည်မြောင်းနယ်နိမိတ်** ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ဆည်မြောင်းအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **ကျေးရွာဆည်မြောင်း** ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာဆည်မြောင်းအဖြစ်ကြေညာထားသည့် ဆည်မြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံနှင့်ကန်ကို ဆိုသည်။

(ဃ) **လယ်ကြားမြောင်း** ဆိုသည်မှာ ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဆည်မြောင်းမှ ရေပေးဝေသော ရေမြောင်းတစ်ခုခုနှင့်ဆက်လျက် သတ်မှတ်သည့်အတိုင်း တူးဖော်သည့် ရေမြောင်းနှင့်သက်ဆိုင်သည့် အထောက်အကူပြုလုပ်ငန်းများကို ဆိုသည်။

(င) **ရေနုတ်မြောင်း** ဆိုသည်မှာ ဆည်မြောင်းများမှ ပိုလျှံရေနှင့် သဘာဝအလျောက်စီးဆင်းသောရေကြောင့် ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်းတို့မှ ကာကွယ်ရန်ဖြစ်စေ၊ ရေပေးသွင်းရန်ဖြစ်စေ တူးဖော်ထားသော ရေမြောင်း သို့မဟုတ် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရေမြောင်း၊ ယင်းရေမြောင်းနှင့်ဆက်စပ်သည့် အဆောက်အအုံများကို ဆိုသည်။

(စ) **ကျေးရွာရေနုတ်မြောင်း** ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာရေနုတ်မြောင်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်း** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီကသတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲရန် လွှဲပြောင်းရယူထားသော ဆည်မြောင်းကို ဆိုသည်။

(ဇ) **ရေယာဉ်** ဆိုသည်မှာ လှေ၊ သမ္ဗန်၊ သစ်ဖောင်၊ ဝါးဖောင်၊ အခြားစက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးနှင့် ရေတွင်ပေါ်သည့် အခြားအရာဝတ္ထုတို့ကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကို ဆိုသည်။

(ဋ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဌ) **ခရိုင်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဍ) **မြို့နယ်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်ရှိ ဦးစီးဌာန တာဝန်ခံကို ဆိုသည်။

(ဎ) **ရေခွန်** ဆိုသည်မှာ ရေအသုံးပြုခြင်းအတွက် ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဏ) **ထိန်းသိမ်းခြင်းလုပ်ငန်း** ဆိုသည်မှာ ဆည်မြောင်းလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော အဆောက်အအုံများ ပုံစံတကျရှိစေရန် သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ထိန်းသိမ်းရသော လုပ်ငန်းကို ဆိုသည်။

(တ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ဆည်မြောင်းကျိုးပေါက်ခြင်း သို့မဟုတ် ပျက်စီးနိုင်ခြင်းဖြစ်ပေါ်ပါက အချိန်မီ ပြင်ဆင်ရသောလုပ်ငန်းကို ဆိုသည်။

(ထ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

### အခန်း(၂)

### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စိုက်ပျိုးရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်ပြီး ဆည်မြောင်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စဉ်ဆက်မပြတ်ထိန်းသိမ်းရန်၊

(ဂ) ကျေးရွာဆည်မြောင်းနှင့် ကျေးရွာရေနုတ်မြောင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ဆည်မြောင်းများကို ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် အရေးပေါ်လုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(င) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် ဒေသအတွင်း ရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစွာ ရရှိစေရန်၊

(စ) ဆည်မြောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။

### အခန်း (၃)

### ဆည်မြောင်းတည်ဆောက်ခြင်း

၄။ ဝန်ကြီးဌာနသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျှင် ယင်းသို့ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် လုံလောက်သော အချိန်ပေး၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

၅။ (က) ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူလယ်သမားများနှင့် ညှိနှိုင်းပြီး ကြိုတင်စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းများနှင့် ဆည်မြောင်းတည်ဆောက်မည့် နယ်နိမိတ်လျာထားခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းကို တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းများနှင့် ဆက်စပ်သောမြေများ၊ အဆောက်အအုံများ၊ သီးနှံများ၊ စားပင်သီးပင်များ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိရန် လုံလောက်သော အချိန်ပေး၍ ကြေညာရမည်။

၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် -

(၁) လျော်ကြေးပေးရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးရမည်။

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန်ရှိပါက လျော်ကြေးငွေကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ဆုံးဖြတ်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) အရ မိမိ၏ ဆုံးဖြတ်ချက်ကို လျော်ကြေးတောင်းဆိုသူထံ စာဖြင့် ဆောလျင်စွာအကြောင်းကြားရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေသတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် အကြောင်းကြားစာရရှိသည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်ရောက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ပုဒ်မခွဲ (က)အရ လျော်ကြေးငွေသတ်မှတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ငွေစာရင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ လျော်ကြေးပေးသည့်ကိစ္စရပ်များ ပြီးပြတ်သည့်အခါ ခရိုင်ဆည်မြောင်းအရာရှိသည် ဆည်မြောင်းနှင့်ဆက်စပ်လျက်ရှိသော ဆည်၊ တာတမံ လုပ်ငန်းများကို ဆောင်ရွက်ရမည်။

၉။ သဘာဝရေစီးရေလာကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ဆည်မြောင်း၊ တာတမံများရွေ့လျောပျက်စီးလာ၍ ဆည်မြောင်း၊ ဖြတ်မြောင်းများ အသစ်ပြောင်းရွှေ့တူးဖော်တည်ဆောက်ခြင်းနှင့် မြေစာများ စုပုံခြင်းပြုရာတွင် လယ်ယာမြေနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေတောင်းခံလာမှုများကို ခရိုင်ဆည်မြောင်းအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါ လျော်ကြေးငွေတောင်းဆိုမှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း (၄)

### ဆည်မြောင်းပြုပြင်ထိန်းသိမ်းခြင်း

၁၁။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်း အရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် တည်ဆောက်ပြီးဆည်မြောင်းနှင့်ဆက်စပ်သော အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆည်ရေပေးဝေခြင်းမပြုမီ ဆည်မြောင်းများနှင့် ရေပေးအဆောက်အအုံများ ပုံစံတကျရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေကို စစ်ဆေးခြင်းနှင့် လိုအပ်ချက်များ အချိန်မီပြုပြင်ခြင်း၊

(ခ) ဆည်မြောင်းပေါင်အတွင်း ခြတောင်ပို့များ၊ ကြွက်တွင်းများကို တူးဖော်ဖယ်ရှားခြင်းနှင့် မြေသစ်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ဆည်မြောင်းအတွင်း ရေမှတ်တိုင်များ စိုက်ထူ၍ ရေပေးဝေချိန်တစ်လျှောက် စောင့်ကြည့်ထိန်းသိမ်းခြင်း၊

(ဃ) မြောင်းစစ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊

(င) ဆည်မြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် အဟန့်အတားဖြစ်စေသည့် အရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းခြင်း၊

(စ) ရေလှောင်တမံများ၏ ကြံ့ခိုင်ရေးနှင့်ရေထိရောက်စွာ သိုလှောင်နိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဆ) ရေသွင်း ရေထုတ်တံခါးများ၊ ရေပိုလွှဲနှင့် ယင်းတွင်တပ်ဆင်ထားသော ရေတံခါး၊ ရေတံခါးရွက်များ၊ သဲထုတ်ရေတံခါးများနှင့် ဆက်စပ်နေသော စက်ပစ္စည်းအစိတ်အပိုင်းများ စစ်ဆေးပြုပြင်ခြင်း၊

(ဇ) ရေလွှဲဆည်၊ ရေပိုလွှဲမှထွက်လာသော ရေများကြောင့် အောက်ခြေကွန်ကရစ်ကြမ်းခင်းများ ပျက်စီးမှုရှိပါက ပြုပြင်ဆောင်ရွက်ခြင်း၊

(ဈ) ရေလွှဲဆည် အထက်ဘက်ရှိ ရေလျှံတာရိုးထိပ်ကို ရေကြီးသည့်အချိန်တွင် တိုက်ရိုက်မြစ်ရေတိုက်စားခံရ၍ မြစ်ရေကျပြီးလျှင် မပျက်မကွက် စစ်ဆေးခြင်း၊

(ည) အုတ်ပန်းရန်လုပ်ငန်းများ၏ ကွဲအက်ကြောင်းများနှင့် ကျောက်စီလုပ်ငန်းများ ပျက်စီးနိုင်သည့် အခြေအနေကို အချိန်မီ ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဋ) ဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်မြောင်းများ၏ နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်းများကို အရေးယူဆောင်ရွက်ခြင်း၊

(ဌ) ရေဆုံးရှုံးမှုနည်းပါးပြီး အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဆည်များ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် ရေသောက်စနစ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊

(ဍ) ကျေးရွာဆည်မြောင်းများနှင့် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးကို ကူညီဆောင်ရွက်ပေးခြင်း။

၁၂။ ပုဒ်မ ၁၁ ပါ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်ပြုပြင်ခြင်းလုပ်ငန်း သို့မဟုတ် အထူးပြင်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအဆင့် သတ်မှတ်၍ ဆောင်ရွက်ရမည်။

### အခန်း (၅)

### ဆည်မြောင်းမှရေကို ရယူသုံးစွဲခြင်း

၁၃။ ဆည်မြောင်းမှရေကို ရယူသုံးစွဲရန် လယ်ကြားမြောင်း ဖောက်လိုသူ၊ လက်ရှိလယ်ကြားမြောင်းအား ပြုပြင်မွမ်းမံလိုသူ သို့မဟုတ် လက်ရှိလယ်ကြားမြောင်းကို လွှဲပြောင်းရယူလိုသူသည် သက်ဆိုင်ရာ မြို့နယ်ဆည်မြောင်းအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၄။ မြို့နယ်ဆည်မြောင်းအရာရှိသည် ပုဒ်မ ၁၃ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ လိုအပ်သည်များကို စိစစ်၍ လယ်ကြားမြောင်း ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းကို ခရိုင်ဆည်မြောင်းအရာရှိက ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်စေရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ အကျိုးဆက်နွယ်သော တောင်သူလယ်သမားများ၏ သဘောထားမှတ်ချက်ပါ စုစည်းဖော်ပြ၍ ခရိုင်ဆည်မြောင်းအရာရှိထံ တင်ပြရမည်။

၁၅။ ခရိုင်ဆည်မြောင်းအရာရှိသည် -

(က) ပုဒ်မ ၁၄ အရ မြို့နယ်ဆည်မြောင်းအရာရှိ၏ တင်ပြချက်ကို စိစစ်ပြီး လယ်ကြားမြောင်းဖောက်လုပ်ရန်၊ ပြုပြင်မွမ်းမံရန် သို့မဟုတ် လွှဲပြောင်းရယူရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ပြုရမည်။

(ခ) ရေမြောင်းတစ်ခုတူးဖော်နေစဉ် သို့မဟုတ် တူးဖော်ပြီးနောက် မည်သည့်အချိန်တွင်မဆို ဆည်ရေသောက်ဧရိယာအတွင်း လိုအပ်သော လယ်ကြားမြောင်းများ တူးဖော်ရန် တာအူကြောင်းပေးခြင်း၊ တည်ဆောက်ခြင်း ပြုနိုင်သည်။

(ဂ) လယ်ကြားမြောင်း ဖြတ်သန်းရာ လယ်ယာမြေများအတွက် လျော်ကြေးပေးရန်လိုအပ်ပါက မိမိသဘောထားမှတ်ချက်နှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူးထံ ညှိနှိုင်းအကြောင်းကြားရမည်။

၁၆။ လယ်ကြားမြောင်း အသုံးပြုသူတို့သည် လယ်ကြားမြောင်းအများအပြား ဘေးချင်းယှဉ်ရှိခြင်း၊အလျားရှည်စွာ စီးဆင်းလျက်ရှိခြင်းနှင့် နီးကပ်လွန်းခြင်းတို့ကြောင့် နန်းစွန့်ရန် နေရာလပ်မရှိခြင်းနှင့် ကုန်ကျငွေများသော အခြေအနေဖြစ်ပေါ်လျှင် ခရိုင်ဆည်မြောင်းအရာရှိထံ တင်ပြနိုင်သည်။ ခရိုင်ဆည်မြောင်းအရာရှိသည် အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ပြီး လယ်ကြားမြောင်းများ ပူးတွဲခြင်း သို့မဟုတ် အစားထိုးပြင်ဆင်ခြင်းကို ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

❖ *ရှေ့ဖုံးမှ*

**ဒေါ်ရာဘူရီး၊ အသက် (၆၂) နှစ်**
**ဟိန္ဒူဘာသာဝင်**

ကျွန်မရဲ့ တူမိသားစုက ဩဂုတ် ၂၆ ရက်ညက အလယ်သံကျော်ရွာဘက်ကနေ မောင်တောကိုပြန်လာတာ၊ သုံးမိုင်လမ်းဆုံအထိ တခြားသူတွေရောပါလာတယ်လို့ သိရပါတယ်။ သုံးမိုင်ရွာဘက်ကနေ ဒီဘက်ဆက်လာရင်း မြို့သူကြီးရွာနား



ဒေါ်ရာဘူရီး



ဦးမီလောန်




ကိုရာမ်းဖော်ဒေါ်ရဲ




ကိုခူကန်းဒေ့ါရဲ

ရောက်တော့ သေနတ်သံတွေကြားရလို့ အနားမှာရှိတဲ့ ဆောက်လက်စအဆောက်အအုံထဲကို လုံခြုံမယ်ထင်ပြီးခိုဖို့ တက်ပြေးတဲ့အချိန်မှာ အဲ့ဒီမှာရောက်နေတဲ့ အကြမ်းဖက်သမားတွေနဲ့တွေ့ပြီးတော့ အသတ်ခံလိုက်ရတယ်လို့ သိရပါတယ်။

တူလင်မယားနဲ့ သူ့ရဲ့မိသားစု စုစုပေါင်းခြောက်ဦးအသတ်ခံရပါတယ်။ သူတို့အားလုံး စုစုပေါင်းရှစ်ယောက်မှာ ခြောက်ယောက်က အခုလိုအသတ်ခံလိုက်ရတာဖြစ်ပါတယ်။

ကျန်တဲ့နှစ်ယောက်ကတော့ လွတ်သွားပါတယ်။ လွတ်သွားတဲ့ နှစ်ယောက်တော့ ဒီမှာမရှိပါဘူး။ ဘူးသီးတောင်ဘက်ကိုသွားတယ်လို့ သိရပါတယ်။ လေးမိုင်ရွာမှာရှိတဲ့ ဟိန္ဒူဘာသာဝင်တစ်ယောက်က အဲဒီဖြစ်စဉ်ကိုပြောပြလို့သိရပြီး တာဝန်ရှိသူတွေနဲ့ နောက်နေ့မနက်ပိုင်းမှာသွားကြည့်တော့ အလောင်းတွေ တွေ့ရပါတယ်။

ကျွန်မတို့ကို တည်တည်ငြိမ်ငြိမ်နဲ့အေးအေးချမ်းချမ်းနေနိုင်အောင် အကူအညီပေးစေချင်ပါတယ်။ ကိုယ့်နေရာမှာကိုယ်ပြန်ပြီးနေချင်ပါတယ်။

**ကိုရာမ်းဖော်ဒေါ်ရဲ၊ အသက် (၂၀)**
**ဟိန္ဒူဘာသာဝင်**

ဩဂုတ် ၂၆ ရက်ညက အကြမ်းဖက်သမားတွေသတ်လို့ သေသွားတာ ကျွန်တော့်အစ်ကို၊ သူ့မိန်းမနဲ့ ကလေးတွေပါ။ သူတို့က ဆံပင်ညှပ်လုပ်ငန်း လုပ်ပါတယ်။ မြင်းလွတ်မြို့မှာ ဆံပင်ညှပ်ပါတယ်။ အဲဒီနေ့က အလယ်သံကျော်ကနေ လုံခြုံရေးတွေနဲ့အတူ လိုက်လာပြီးတော့ သုံးမိုင်ရွာနားရောက်တော့ သူတို့ဘာသာ သူတို့ မောင်တောဘက်ကို ပြန်လာတာ၊ မြို့သူကြီးရွာနားရောက်တော့ သေနတ်သံကြားတဲ့အတွက် ဆောက်လက်စ မောင်တောခရိုင်တရားရုံးထဲ ဝင်ပြေးကြတယ်လို့ သိရပါတယ်။ အဲဒီအချိန်မှာ တရားရုံးထဲမှာရှိနေတဲ့ အကြမ်းဖက်သမားတွေရဲ့ အသတ်ခံလိုက်ရတာဖြစ်ပါတယ်။ ကျွန်တော့်အစ်ကိုနဲ့ မိသားစုတွေကို အကြမ်းဖက်သမားတွေက သတ်ပစ်လိုက်တာ ဖြစ်ပါတယ်။

**ဦးမီလောန် ၊ အသက် (၅၈) နှစ်**
**ဟိန္ဒူဘာသာဝင်**

အခုဒီစခန်းမှာ ရွာသုံးရွာကနေ အကြမ်းဖက်အန္တရာယ်ကို ကြောက်လို့ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဟိန္ဒူဘာသာဝင် ၁၄၂ ဦးရှိပါတယ်။

အကြမ်းဖက်သမားတွေက ဩဂုတ် ၂၆ ရက်က ဟိန္ဒူဘာသာဝင် ခြောက်ဦးကို မြို့သူကြီးရွာနားမှာ သတ်ပစ်လိုက်တဲ့ ဖြစ်စဉ်ရှိပါတယ်။ ဒါ့အပြင် ခမောင်းဆိပ်ကျေးရွာမှာရှိတဲ့ မိသားစုတွေထဲက အမျိုးသမီး ခြောက်ဦး၊ ကလေးလေးဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို အတင်းအဓမ္မဖမ်းပြီး ခေါ်ဆောင်သွားတယ်၊ သူတို့ကို ဖမ်းသွားတဲ့သူတွေက ငါတို့ဘာသာထဲဝင်မလား၊ ငါတို့ကိုယူမလားမေးတယ်တဲ့။ အသတ်ခံရမှာ ကြောက်လို့ယူပါမယ်။ သူတို့ဘာသာထဲဝင်မယ် ဖြေရတယ်လို့ သိရတယ်။ အဲ့ဒီတော့ သူတို့က နင်တို့ရွာက လူတွေကို ငါတို့သတ်တာမဟုတ်ဘူးလို့ ပြောရမယ်၊ တိုင်းရင်းသားတွေသတ်တာလို့ ပြောခိုင်းတယ်လို့ သိရပါတယ်။ ပြီးတော့ သူတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားတယ်။ အမျိုးသမီးတွေကို အဓမ္မပြုကျင့်တယ်၊ နှိပ်စက်တယ်တဲ့။ အခု အဲဒီအမျိုးသမီးတွေနဲ့ ကလေးတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေက ကယ်တင်ပေးထားတယ်၊ သူတို့ ဟိန္ဒူရွာမှာ ရှိတယ်လို့ ဖုန်းအဆက်အသွယ်ရလို့ သိရပါတယ်။

**ကိုခူကန်းဒေ့ါရဲ၊ အသက် (၂၉) နှစ်**
**ဟိန္ဒူဘာသာဝင်**

ခမောင်းဆိပ်ရွာမှာ ကျွန်တော့်အစ်ကိုက ပန်းထိမ်လုပ်ပါတယ်။ အစ်ကို့နာမည်က ပူဖောင်ဒေါ်ရဲဖြစ်ပြီး သူ့မိန်းမနာမည်က ရီးခါဖြစ်ပါတယ်။ ကလေးသုံးယောက်ရှိပါတယ်။ ကျွန်တော့်အစ်ကိုကိုသတ်ပြီး သူ့မိန်းမကို မူဆလင်ဘာသာထဲ ဝင်ရမယ်ဆိုပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားတယ်လို့ သိရပါတယ်။

ရွာကအမျိုးသားအချို့ကိုလည်း သတ်ပစ်လိုက်တယ်လို့ သိရပါတယ်။ စုစုပေါင်းဖမ်းဆီးခံရတာ ကျွန်တော့်အစ်ကိုမိန်းမအပါအဝင် အမျိုးသမီး ခြောက်ယောက်နဲ့ ကလေးတွေ ဖြစ်ပါတယ်။ အစ်ကို့ကို အကြမ်းဖက်သမားတွေက သတ်လိုက်တယ်ဆိုတာကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရောက်နေတဲ့ အစ်ကို့မိန်းမက ဖုန်းဆက်ပြောတာပါ။ သူတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ဟိန္ဒူအဖွဲ့အစည်းတစ်ခုက ကယ်တင်ပြီး စောင့်ရှောက်ပေးထားတယ်လို့ သိရပါတယ်။

**သတင်းအဖွဲ့**

---

✻ *ကျောဖုံးမှ*

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် နယ်မြေ(၄)အတွင်း နယ်မြေရှင်းလင်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမား ၁၀၀ ကျော်က တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံတိုက်ခိုက်ရာ အကြမ်းဖက်သမားများမှာ အနီးရှိတောင်ကုန်းပေါ်သို့ ထွက်ပြေးတိမ်းရှောင်သွားပြီး အကြမ်းဖက်သမား ခေါ်ဘီရာမောက် (၃၅ နှစ်)၊ အာနူဆော်ဘီ (၁၃ နှစ်)၊ ဆွေယော့ဒူဆောင်း (၅၄ နှစ်)နှင့် အီလီယာစ် (၂၄ နှစ်)တို့ လေးဦးအား ၎င်းတို့ကိုင်ဆောင်လာသည့် ဓားများနှင့်အတူ ဖမ်းဆီးရမိ **(အောက်ပုံ)**ခဲ့သဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ ညနေ ၃ နာရီခွဲတွင် ဒေသခံဖျားနာလူနာများအား မောင်တောဆေးရုံသို့ ပို့ဆောင်စဉ် မောင်တောမြို့နယ် သီဟိုဠ်ကျေးရွာအနီး နွားရုံတောင်ကွေ့၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ရှင်းလင်းရာ မိမိဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ညနေ ၄ နာရီခန့်တွင် နွားရုံတောင်လမ်းဆုံ၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်လုပ်မိုင်းနှစ်လုံးကို ဖောက်ခွဲခဲ့ကြောင်း။

ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် မေယုတောင်ခြေ အင်းဒင်ကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမား ၁၅၀ ကျော်က ဓားဖြင့်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံပစ်ခတ်ရာအကြမ်းဖက်သမားတစ်ဦးအား အသေဖမ်းဆီးရမိခဲ့ကြောင်း၊ အင်းဒင်ရခိုင်ကျေးရွာအတွင်း၌ အကြမ်းဖက်သမားများက မိုင်းနှစ်လုံး ဖောက်ခွဲခဲ့သဖြင့် နေအိမ်နှစ်လုံး မီးလောင်ကျွမ်းလျက်ရှိကြောင်း။



လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နယ်မြေ (၁၁)ဘူးသီးတောင်မြို့နယ် စိမ်းညှင်းပြာကျေးရွာအုပ်စု ပြင်ရှည်ကျေးရွာမှ မသင်္ကာသူ အဒူတာလစ် (၂၂)နှစ်ကို လည်းကောင်း၊ နယ်မြေ (၆) မောင်တောမြို့နယ် မင်္ဂလာကြီး ချောင်းဝကင်းစခန်းအနီးသို့ ရောက်ရှိလာသော မသင်္ကာသူတစ်ဦးကို လည်းကောင်း ဖမ်းဆီးရမိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် မောင်တောဒေသတွင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်းသိရသဖြင့် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားသည့်နေရာများတွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့ရေးပစ္စည်းများ တွေ့ရှိခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့ခြင်းမှာ ၎င်းအဖွဲ့အစည်းများက အစွန်းရောက်အကြမ်းဖက်သမားများထံ ယင်းပစ္စည်းများ ထောက်ပံ့ပေးသည်ဟု ရည်ညွှန်းခြင်းမဟုတ်သည်ကို ရှင်းရှင်းလင်းလင်းသိစေအပ်ပါကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများ အကြမ်းဖက်သမားများထံ ရောက်ရှိနေမှုကို ဆက်လက်စုံစမ်းသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**



## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်ရေး တစ်ကိုယ်တော်လမ်းလျှောက်ဆန္ဒဖော်ထုတ်သူ တိုက်ကြီးတိုးဂိတ်ရောက်

**တိုက်ကြီး ဩဂုတ် ၃၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအောင်မြင်စေရန် တစ်ကိုယ်တော်လမ်းလျှောက်ဆန္ဒဖော်ထုတ်သူ ဦးစိုးဝေသည် ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်ပြည်လမ်း တိုက်ကြီးတိုးဂိတ်သို့ ရောက်ရှိဖြတ်ကျော်၍ ထောက်ကြန့်မှတစ်ဆင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဆက်လက်လမ်းလျှောက်ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဦးစိုးဝေ (၅၅ နှစ်)သည် သံတွဲမြို့ပြည်ဒွါရာဝတီ(၁)ရပ်ကွက်ဇာတိဖြစ်ပြီး ပြည်မြို့ ရွှေဆံတော်ဘုရား၌ အောင်မြေနင်းပြီး ဩဂုတ် ၇ ရက်ကစတင်၍ ငြိမ်းချမ်းရေးရရှိရန် တစ်ကိုယ်တော်လမ်းလျှောက် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



ပဲခူးမြို့၌ ဂဝံသံပတ်စေတီတော်မြတ်ကြီး တည်တော်မူရာတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်ဦးဆောင်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်တို့ (၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဩဂုတ် ၃၀ ရက် နံနက် ၇ နာရီက လုပ်အားဒါနပြုကြစဉ်
သန့်စင်(ပဲခူး)

---

## သုံးဖက်မြင် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်း ကနဦးသဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အကြံပြုဆွေးနွေး

**ဖျာပုံ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် Total E&P Myanmar ၏ M5M6 ကမ်းလွန်လုပ်ကွက် သုံးဖက်မြင် ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်း ကနဦး သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အကြံပြုဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၁၀နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရတနာကမ်းလွန်ဓာတ်ငွေ့ထုတ်လုပ်ရေးစီမံကိန်းကို Total E & P Myanmar က ဆောင်ရွက်လျက်ရှိပြီး M5M6 ကမ်းလွန်လုပ်ကွက် သုံးဖက်မြင် ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းကို ၂၀၁၈ခုနှစ် ဧပြီနှင့် နိုဝင်ဘာလများတွင် ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

ယင်းသုံးဖက်မြင်ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံငါးဖမ်းလုပ်ငန်းရှင်များဘက်ကလည်း ငါးဖမ်းရာတွင် လုပ်ငန်းခွင်အနှောင့်အယှက်မဖြစ်စေရေး၊ ငါးသယံဇာတမပြုန်းတီးစေရေးတို့အတွက် အလေးထားဆောင်ရွက်ရန် တိုက်တွန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ ကနဦးသဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ခြင်းကို ARTELIA ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ရေဘေးသင့်သူများနှင့် နာဂဒေသမှ ရိက္ခာပြတ်လပ်သူများသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆန်၊ ဆီနှင့် ရိက္ခာများလှူဒါန်း

**မုံရွာ ဩဂုတ် ၃၁**

ဒုတိယအကြိမ် ရောဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူများနှင့် နာဂဒေသမှ စားနပ်ရိက္ခာပြတ်လပ်နေသော တိုင်းရင်းသားများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်၊ ဆီနှင့် ရိက္ခာများ ထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၃၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးခန်းမ၌ ပြုလုပ်သည်။

“ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရောဝတီမြစ်ရေတက်လို့ ရေဝင်တဲ့ တိုင်းဒေသကြီးမှ ရေဝင်ဒုက္ခသည်တွေနဲ့ စားနပ်ရိက္ခာပြတ်လပ်နေတဲ့ နာဂဒေသအတွက် အဓိကထားပြီး လာရောက်လှူဒါန်းတာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အမှန်တကယ်လိုအပ်နေတဲ့ ရေဘေးကယ်ဆယ်ရေးစခန်းတွေမှာရှိတဲ့ ရေဘေးသင့်ပြည်သူတွေနဲ့ နာဂဒေသကတိုင်းရင်းသားတွေကို ခွဲဝေလှူဒါန်းပေးသွားမှာဖြစ်ပါတယ်” ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက ပြောပြသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် တန်ဖိုးငွေကျပ် ၈၁၄၀၀၀၀ နှင့်ညီမျှသော ၂၄ ပြည်ဝင် ဆန်အိတ် ၃၀၀ နှင့် တစ်လီတာဝင် ဆီဘူး ၅၀၀တို့ကို တိုင်းဒေသကြီးအစိုးရထံ တိုက်ရိုက်လာရောက်လှူဒါန်းခြင်းဖြစ်သည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၅ ခုနှစ် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ငွေကျပ် ၁၃၂၄ သိန်းကျော် လှူဒါန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ငွေကျပ် ၆၆၇ သိန်းကျော်တန်ဖိုးရှိ ဆန်၊ ဆီနှင့် ရိက္ခာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ရေဘေးသင့်ဒေသခံများထံ အရောက်လှူဒါန်းခဲ့ကြောင်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတာဝန်ရှိသူထံမှ သိရသည်။

“ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေ တစ်ပတ်ကို တစ်ကြိမ် တနင်္ဂနွေနေ့တိုင်း အာဟာရဒါနကို ကချင်ပြည်နယ် မြစ်ကြီးနားမှ ဆော့လော်လာချင်ဒေသက ရေဘေးသင့်ကလေးငယ်တွေနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းက ကျောင်းသား ၈၂ဦးကို ကျွေးမွေးနေပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေက တိုက်ပွဲရှောင်ပြည်သူတွေအတွက်နဲ့ ရောဝတီမြစ်ရေမြင့်တက်လို့ ဒုတိယအကြိမ်ရေကြီးရေလျှံဖြစ်နေတဲ့ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးက ရေဘေးသင့်ပြည်သူတွေအတွက်လည်း ဆန်၊ ဆီနှင့် စားနပ်ရိက္ခာတွေကို ပို့ဆောင်ပေးနေပါတယ်” ဟု ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ **သံတိုင်ထွန်း**

# ထီးချိုင့်မြို့၌ အလုပ်ရှင်၊ အလုပ်သမား တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ




**ထီးချိုင့် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်ဌေးဌေးမြင့်က အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များအနေဖြင့် အစွန်းနှစ်ပါးကို ရှောင်ရှားပြီး ဖြစ်နိုင်ခြေအရှိဆုံး နှုန်းထားတစ်ခုကို ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းပေးကြပါရန် ပြောကြားသည်။

ထို့နောက် ဂရိတ်ဝေါ(လ်)ဝေမာ သကြားစက် အလုပ်သမားကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးထိန်ဝင်း၊ အတွင်းရေးမှူး ဦးရန်နောင်စိုးနှင့် နီကယ်စက်ရုံအလုပ်သမားကိုယ်စားလှယ် အတွင်းရေးမှူး ဦးတင်မျိုးထွန်းနှင့် အဖွဲ့ဝင် ဦးသိန်းသန်းနိုင်တို့က အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်နိုင်ရေး အဆိုပြုကြပြီး အလုပ်ရှင် ဂရိတ်ဝေါ(လ်)ဝေမာ သကြားစက်ရုံ ဒုတိယစက်ရုံမှူး ဒေါ်မြင့်စန္ဒာကြည်က ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ခဲ (ထီးချိုင့် )**

# ယာဉ်များကျော်တက်ရာတွင် အချက်ပြမီး မှန်ကန်စွာအသုံးပြုနိုင်ရေး ပညာပေး

**နေပြည်တော် ဩဂုတ် ၃၁**

၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအရ ထုတ်ပြန်ထားသော လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ အချက်ပြများနှင့်ပတ်သက်သည့် ညွှန်ကြားချက်၏ နောက်ဆက်တွဲ(ဆ) “မော်တော်ယာဉ်တွင် တပ်ဆင်ထားသောမီးများနှင့် ယာဉ်မောင်းသူ၏လက်ဖြင့် အချက်ပြပုံများအခန်း၌ မော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏လက်ယာဘက်မီးဖြင့် အချက်ပြရန် သတ်မှတ်ပြဋ္ဌာန်း”ထားကြောင်း သိရသည်။

ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ၊ အထူးသဖြင့် ကားကြီးယာဉ်မောင်းအများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ကျော်တက်နိုင်ကြောင်းကို ယာဉ်၏လက်ဝဲဘက်မီးဖြင့် အချက်ပြလျက် လွဲမှားစွာ ကျင့်သုံးလျက်ရှိကြပြီး ထိုသို့လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိရာ ကျော်တက်ရန်အချက်ပြမှုအမှားနှင့် အမှန် ရောထွေးကျင့်သုံးနေမှုကို ယာဉ်မောင်းသူများသိရှိရန်အတွက် လက်တွေ့ကျကျ အသိပညာပေးဆောင်ရွက်မှုကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးနှင့် ဝန်ထမ်းများ၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နေပြည်တော်ခန်းမကြီးရှေ့ ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ် သွားလာလျက်ရှိသည့်ယာဉ်များအားရပ်တန့်၍ ပညာပေးလက်ကမ်းစာစောင်များဝေငှကာ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရုပ်ဗေဒ)**



## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှုမှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်ချက်

၁။ ၁၉၈၉ မော်တော်ယာဉ်နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ “မော်တော်ယာဉ်တွင် တပ်ဆင်ထားသောမီးများနှင့် ယာဉ်မောင်းသူ၏ လက်ဖြင့် အချက်ပြပုံများ” အခန်း၌ **မော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြရန်** သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၂။ ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှကျော်တက်လိုသော ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ၊ အထူးသဖြင့် ကားကြီးယာဉ်မောင်း အများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏ လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာ ကျင့်သုံးနေကြပါသည်။ ထိုသို့ လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ ကျော်တက်ရန် အချက်ပြမှုအမှန်သို့ ချောမွေ့စွာ ပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးနောက် **(၁-၉-၂၀၁၇) ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည်** ဖြစ်ပါသည်။

၄။ ထိုသို့ ပြောင်းလဲကျင့်သုံးမှုမတိုင်မီအတွင်း နားလည်မှု လွဲမှားမှုများ ရှိနိုင်သည့်အတွက် မော်တော်ယာဉ်ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်ပါမည်။

၅။ ယာဉ်မောင်းအားလုံးအနေဖြင့် **မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌** နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် (၁-၉-၂၀၁၇)ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီ ပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**




# မန္တလေးမြို့၌ ယာဉ်များကျော်တက်ရာတွင် အချက်ပြမီးအမှန်သို့ ပြောင်းလဲကျင့်သုံး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင့်သုံးရေး အသိပညာပေးလှုပ်ရှားဆောင်ရွက်

**မန္တလေး ဩဂုတ် ၃၁**

ယာဉ်များတစ်စီးနှင့်တစ်စီး ကျော်တက်နိုင်ကြောင်း အချက်ပြရာတွင် အချက်ပြမီးအား မှားယွင်းစွာအသုံးပြုနေခြင်းကြောင့် ကျော်တက်ရာ၌ နားလည်မှုလွဲမှား၍ ယာဉ်မတော်တဆ ထိခိုက်မှုများဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် အသက်သေဆုံးခြင်းဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပါသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် အထက်ပါဖြစ်စဉ်များ ပပျောက်စေရေးအတွက် ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) မှ ယာဉ်များကျော်တက်ရာတွင် အချက်ပြမီးအား အမှန်အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတစ်ပြေးညီ ပြောင်းလဲကျင့်သုံးရန်အတွက် လမ်းညွှန်မှုပြုခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့် (၁၆.၆.၂၀၁၇) ရက်နေ့မှ (၃၁.၈.၂၀၁၇) ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး မြို့ဝင်မြို့ထွက်နေရာများ၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများတွင် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ (၁.၉.၂၀၁၇)ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြောင်းလဲကျင့်သုံးမည်ဖြစ်သောကြောင့် (၃၁.၈.၂၀၁၇)ရက်နေ့နှင့် (၁.၉.၂၀၁၇) ရက်နေ့များတွင် အသိပညာပေးလှုပ်ရှားမှုအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ် ညှိနှိုင်းမှုဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် မြို့ဝင်မြို့ထွက်ဂိတ်များဖြစ်ကြသော ရန်ကုန်-မန္တလေး အမြန်လမ်း(တံခွန်တိုင်ဂိတ်)၊ ရန်ကုန်-မန္တလေးလမ်းဟောင်း (မြစ်ငယ်ဂိတ်)၊ မန္တလေး-ပြင်ဦးလွင်(၁၆ မိုင်ဂိတ်)၊ မန္တလေး-စစ်ကိုင်း (ရွှေကြက်ယက်ဂိတ်)၊ မန္တလေး-မတ္တရာ(သန္တိသစ္စာဆောက်လုပ်ရေးဂိတ်)များတွင် ပညာပေးလှုပ်ရှားမှုများအနေဖြင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကြော်ငြာပိုစတာများဖြင့် အသိပညာပေးခြင်းများအား ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဂျပန်က ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုများ၌ ဗြိတိန်ပါဝင်မည်

**တိုကျို ဩဂုတ် ၃၁**

ဂျပန်နိုင်ငံကို ဖြတ်ကျော်သည့် ဒုံးကျည်ပစ်လွှတ်မှုတစ်ခုကို မြောက်ကိုရီးယားနိုင်ငံက ပြုလုပ်ခဲ့ပြီးနောက်တွင် ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ခြိမ်းခြောက်မှုများကို ထိပ်တိုက်ရင်ဆိုင်ရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် နှစ်နိုင်ငံ သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှု မတိုင်မီ အနီးကပ်ဆုံးမဟာမိတ်များနှင့် ဆက်ဆံရေးခိုင်မာအောင် လုပ်ဆောင်လိုသည့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဂျပန်နိုင်ငံသို့အလည်အပတ်လာရောက်ခဲ့သည်။ ဝန်ကြီးချုပ်မေလာရောက်လည်ပတ်သည့်အချိန်သည် ဂျပန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံ၏ စစ်ရေးအရ ပိုမိုခြိမ်းခြောက်လာမှုများကို တုံ့ပြန်နေရချိန်လည်း ဖြစ်သည်။

မြောက်ကိုရီးယားက နမော်နမဲ့ လုပ်ဆောင်လျက်ရှိသည့် အပြုအမူများသည် ဂျပန်နိုင်ငံ၏ လုံခြုံရေးကိုခြိမ်းခြောက်လျက်ရှိသည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဝန်ကြီးချုပ်မေနှင့်အတူ ရှိနေစဉ်တွင် ၎င်း၏အမျိုးသားလုံခြုံရေးကောင်စီသို့ ပြောကြားခဲ့သည်။

ထို့ကြောင့် လုံခြုံရေးဆိုင်ရာ အခြေအနေများအတွက် ဂျပန်နှင့် ဗြိတိန်တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု အာဘေးက ဆိုသည်။ မေနှင့်အာဘေးတို့သည် ဗြိတိန်တပ်ဖွဲ့ဝင်များကို ဂျပန်မြေပေါ်တွင် ပြုလုပ်မည့်စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်စေမည်ဖြစ်ပြီးလာမည့် ၂၀၂၀ တွင် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အိုလံပစ်ပွဲတော်ကျင်းပချိန်တွင် ဆိုက်ဘာတိုက်ခိုက်မှုဖြစ်လာနိုင်သည့် အလားအလာများနှင့် စစ်သွေးကြွများတိုက်ခိုက်လာနိုင်မှုအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည့် အစီအစဉ်များအပါအဝင် လုံခြုံရေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်ဗုံးကြဲလေယာဉ်များ ကိုရီးယားကျွန်းဆွယ်ကောင်းကင်ပေါ် ပျံသန်း

**ဝါရှင်တန် ဩဂုတ် ၃၁**

တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ လေတပ်အင်အားစုများက ကြာသပတေးနေ့တွင် အမေရိကန် ဗုံးကြဲလေယာဉ်နှစ်စင်းနှင့်အတူ ကိုရီးယားကျွန်းဆွယ်ပေါ်တွင် ပျံသန်းလေ့ကျင့်မှု ပြုလုပ်ခဲ့ကြကြောင်း ပြောကြားခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံကို ဖြတ်ကျော်လျက် ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ခဲ့ပြီး နှစ်ရက်အကြာတွင် ထိုသို့ ပျံသန်းလေ့ကျင့်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသံထက်မြန်သော ဘီဝမ်းဘီ ဗုံးကြဲလေယာဉ်နှစ်စင်း၊ အမေရိကန် F-35B ဂျက်လေယာဉ်များနှင့် တောင်ကိုရီးယား ဂျက်တိုက်လေယာဉ်များသည် အတူတကွ ပါဝင်ပျံသန်းခဲ့ကြသည်ဟု ဖော်ပြထားသည်။

ကွန်ပျူတာပိုင်းဆိုင်ရာ လှုံ့ဆော်မှုများကို အဓိကထား ဆောင်ရွက်သည့် နှစ်စဉ်ပြုလုပ်မြဲဖြစ်သော အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြီးဆုံးချိန် တွင် အဆိုပါ ဗုံးကြဲလေယာဉ်များ ပျံသန်းမှုဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အပြင်းအထန်ဒေါသထွက်ခဲ့ပြီး ကျူးကျော်ရန်စမှုတစ်ခုအနေဖြင့် ရှုမြင်ကာ တုံ့ပြန်သည့်အနေဖြင့် ခြိမ်းခြောက်မှုများစွာပြုလုပ်ခဲ့ကာ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဒုံးကျည်ပစ်လွှတ်မှုများ ပြုလုပ်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကာလကြာရှည်စွာ တင်းမာမှုများပေါ်ပေါက်လာစေခဲ့သည့် မြောက်ကိုရီးယားနိုင်ငံအရေးနှင့် ပတ်သက်၍ စကားဖြင့် ပြောဆိုဆွေးနွေးမှုက အဖြေရရှိစေနိုင်တော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်သည် ၂၅နှစ်ကြာအောင် မြောက်ကိုရီးယားနှင့် စကားပြောဆိုမှုပြုလုပ်ခဲ့ပြီးပြီဖြစ်ပြီး ခြိမ်းခြောက်ငွေညှစ်သမျှကိုလည်း ပေးခဲ့ပြီးဖြစ်ကြောင်း ထရန့်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

သို့သော်လည်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်ကမူ မြောက်ကိုရီးယားနှင့် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရေး အဆုံးသတ်သွားခြင်း ရှိ/မရှိ သတင်းထောက်များက မေးမြန်းခဲ့ရာတွင် မရှိကြောင်း အဖြေပေးခဲ့သည်။

**(ရိုက်တာ)**

## ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်၌ မြင်ကွင်းမရှင်းလင်းမှုကြောင့် ကား ၃၆ စီးဆင့်ကဲတိုက်

**ဘရာဇီးလီးယား ဩဂုတ် ၃၁**

ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်ရှိ ကာဗယ်လိုပင်တို အဝေးပြေးလမ်းမတစ်လျှောက်တွင် ယမန်နေ့က ကား ၃၆ စီး ဆင့်ကဲတိုက်မိမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး အခြား ၂၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဩဂုတ် ၃၁ရက်က ဖော်ပြခဲ့သည်။

မီးလောင်မှုတစ်ခုမှ ထွက်ပေါ်လာသော မီးခိုးများကြောင့် မြင်ကွင်းမရှင်းမလင်းဖြစ်ကာ ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ်၄၀ ခန့်တွင် ထိုကဲ့သို့ ကား ၃၆ စီး ဆင့်ကဲတိုက်မိခြင်း ဖြစ်ပွားခဲ့ကြောင်း အဝေးပြေးလမ်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

မီးခိုးများအုံ့မှိုင်းနေသည့် အချိန်တွင် အိမ်သုတ်ဆေးများ တင်ဆောင်လာသော ကုန်တင်ကားတစ်စီး ဝင်ရောက်လာသောကြောင့် ကားများအား တိုက်မိပြီး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အဝေးပြေးလမ်းရဲတပ်ဖွဲ့က ပြောခဲ့သည်။

အဆိုပါ အဝေးပြေးလမ်းမ၏ အမြင့်ပိုင်းတစ်လျှောက်တွင် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားနေသောကြောင့် မီးခိုးများ ထူထပ်စွာ အုံ့ဆိုင်းမှုဖြစ်ပွားခဲ့သဖြင့် ထိုသို့ယာဉ်များ တိုက်မိခဲ့ခြင်းဖြစ်ပြီး ယာဉ် ၃၆ စီး ဆင့်ကဲတိုက်မိမှုကြောင့် ဖြစ်ပေါ်ခဲ့သော အပျက်အစီးများကို ဂလိုပိုအင်တာနက် စာမျက်နှာတွင် ဖော်ပြထားကြောင်း သိရသည်။



မီးလောင်မှုများကို မီးသတ်သမားများ၏ ကြိုးစားငြှိမ်းသတ်မှုများကြောင့် တစ်နာရီခွဲအကြာတွင် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါနေရာတွင် ကယ်ဆယ်မှုများ ဆောင်ရွက်ရန်ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**



## အီရတ်နိုင်ငံတယ်အဖာမြို့ အိုင်အက်စ်လက်မှ လွတ်မြောက်ကြောင်းကြေညာ

**ဘဂ္ဂဒက် ဩဂုတ် ၃၁**

အီရတ်နိုင်ငံ တယ်အဖာမြို့သည် အိုင်အက်စ်အကြမ်းဖက်အစွန်းရောက်လက်အောက်မှ အပြည့်အဝလွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်အဘာဒီက ဩဂုတ် ၃၁ ရက်က ကြေညာခဲ့သည်။

သမ္မတရုံးကထုတ်ပြန်သည့် ကြေညာချက်တွင် တယ်အဖာမြို့သည် အိုင်အက်စ်အကြမ်းဖက်အစွန်းရောက်လက်အောက်မှ လွတ်မြောက်ခဲ့ပြီးဖြစ်သောမိုဆူးလ်နှင့် ပေါင်းစပ်လိုက်ပြီဖြစ်ကြောင်း အဘာဒီက ပြောခဲ့သည်။

တယ်အဖာမြို့သည်အိုင်အက်စ်အကြမ်းဖက်အစွန်းရောက်လက်အောက်မှ လွတ်မြောက်ခဲ့ပြီဖြစ်ကာ အီရတ်မျိုးချစ်တိုက်ခိုက်ရေးသမားများ၏လက်ထဲတွင် အီရတ်နိုင်ငံတော်အလံသည် တယ်အဖာမြို့တွင် ပြန်လည်ဝင့်ကြွားခဲ့ပြီဖြစ်ကြောင်း အဘာဒီက ဆက်လက်ပြောကြားခဲ့သည်။

သမ္မတရုံး၏သတင်းထုတ်ပြန်ချက်တွင် အီရတ်နိုင်ငံတစ်ဝန်းရှိ အိုင်အက်စ်အကြမ်းဖက်အစွန်းရောက်သမားများကို အမြစ်ပြတ်ချေမှုန်းသွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။

**(ဆင်ဟွာ)**



## မွမ်ဘိုင်း၌ လူနေအိမ်ငါးထပ်တိုက်ပြိုကျ သုံးဦးထက်မနည်းသေဆုံး

**မွမ်ဘိုင်း ဩဂုတ် ၃၁**

အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော် မွမ်ဘိုင်းတွင် ဩဂုတ် ၃၁ ရက်က ငါးထပ်လူနေ အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လူသုံးဦးထက်မနည်းသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ပြောခဲ့သည်။ အဆိုပါ ဟောင်းနွမ်းနေသော အဆောက်အအုံသည် မွမ်ဘိုင်းမြို့၏ ဘန်ဒီဒေသ မူလာ နာရှက်ကတ် အလီလမ်းပေါ်တွင် တည်ရှိပြီး ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅မိနစ်တွင် ပြိုကျခဲ့ခြင်း ဖြစ်သည်။ အပျက်အစီးများကြားတွင် လူ ၂၀ ခန့် ပိတ်မိနေကြောင်း သိရသည်။

အပျက်အစီးများကြားတွင် လူ ၁၁ ဦးကို ကယ်တင်နိုင်ခဲ့ပြီး အသက်ရှင်ကျန်ရစ်သူရှိမရှိကို ဆက်လက်ရှာဖွေနေကြောင်း၊ အဆောက်အအုံ ပြိုကျမှုကြောင့် ပိတ်မိနေသူများကို အတည်မပြုနိုင်သေးကြောင်း ရဲအရာရှိ မနေ့ဇ်ဂျ် ရှာမာက ပြောသည်။

လတ်တလောတွင် သဘာဝဘေး တုံ့ပြန်ရေးတပ်ဖွဲ့ (အင်န်ဒီအာရ်အက်ဖ်) မှ အဖွဲ့တစ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။ ပြိုကျအဆောက်အအုံတွင် မိသားစု ၁၁ စု နေထိုင်လျက်ရှိကြောင်း၊ မွမ်ဘိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် အဆောက်အအုံပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### စင်ကာပူဝန်ကြီးချုပ် အိမ်ဖြူတော်၌ ထရန့်နှင့်တွေ့ဆုံမည်

**စင်ကာပူ ဩဂုတ် ၃၁**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် အောက်တိုဘာလတွင် အမေရိကန်သို့ သွားရောက်ပြီး အိမ်ဖြူတော်၌ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ဟာရီကိန်းမုန်တိုင်း ဟာဗေးကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဝမ်းနည်းကြောင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက္ကဆက်ပြည်နယ်ရှိရေဘေးဒုက္ခသည်များကို စင်ကာပူလေတပ်အုပ်စုမှ စီအိတ်ချ်-၄၇ ချီနွတ်ခ် ရဟတ်ယာဉ်များ စေလွှတ်အကူအညီပေးရန် အဆင်သင့်ရှိကြောင်း လီ၏ ပြောကြားမှုကိုထရန့်ကလည်း ဝမ်းပန်းတသာလက်ခံခဲ့ပြီး ကျေးဇူးတင်ကြောင်း ပြန်ပြောခဲ့သည်။

စင်ကာပူနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းအလွန်တွင် ဩဂုတ် ၂၁ ရက်က အမေရိကန်ဖျက်သင်္ဘောနှင့် ရေနံတင်သင်္ဘောတို့ တိုက်မိမှုကြောင့် သင်္ဘောသား ၁၀ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်တွင် လည်းပျောက်ဆုံး သို့မဟုတ် သေဆုံးသင်္ဘောသားများရှာဖွေရာ၌ နိုင်ငံပေါင်းစုံရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စင်ကာပူနိုင်ငံကပါဝင်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

### တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

**ဇီနင်း ဩဂုတ် ၃၁**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းကွီဟိုင်းပြည်နယ်၌ ဩဂုတ် ၃၀ ရက်က မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ လူကိုးဦး မြေပြိုမှုတွင် ပိမိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

ကယ်ဆယ်ရေးသမားများက လူသုံးဦးကို မြေပြိုမှုအောက်မှ ဆွဲထုတ်နိုင်ခဲ့ကြောင်းနှင့် အသက်အန္တရာယ်မစိုးရိမ်ရကြောင်းသိရပြီး အခြားခြောက်ဦးကိုလည်း ကယ်ဆယ်မှုများပြုလုပ်နိုင်ရေး ဆက်လက်ကြိုးစားနေကြောင်း သိရသည်။ မြေပြိုမှုသည် ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

### မွမ်ဘိုင်းတွင်ရေကြီးရာ လူငါးဦးသေဆုံး

**မွမ်ဘိုင်း ဩဂုတ် ၃၁**

အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော်မွမ်ဘိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မိုးရေကြီးမှုများဖြစ်ပွားခဲ့သဖြင့် လူငါးဦးသေဆုံးခဲ့ကြောင်း အစီရင်ခံစာတစ်ခုတွင် ဩဂုတ် ၃၀ ရက်ကဖော်ပြခဲ့သည်။ လွန်ခဲ့သည့် ညရေကြီးမှုတွင် နေအိမ်တစ်လုံးပြိုကျမှု ဖြစ်ပွားခဲ့ရာ ကလေးငယ်နှစ်ဦးအပါအဝင် လူသုံးဦးသေဆုံးခဲ့သလို သိန်းဒေသတွင်လည်း ရေကြီးမှုဖြစ်စဉ်များကြောင့် အသက် ၃၂ နှစ်အရွယ်အမျိုးသမီးတစ်ဦးနှင့် ဆယ်ကျော်သက်အရွယ် ကလေးမလေးတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဘတ်စ်ကားပြေးဆွဲမှုများလည်း ရပ်နားထားပြီး လူထောင်ပေါင်းများစွာလည်းမီးရထားဘူတာရုံများ၊ ဘတ်စ်ကားဂိတ်များ၊ ရုံးများတွင်သောင်တင်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဂျပန်နိုင်ငံကိုကျော်လွန်၍ တတိယအကြိမ်မြောက်ဒုံးကျည်ပစ်ခတ်ခြင်း

**တင်လင်းအောင်**

**ရှစ်နှစ်အတွင်းမှာ ပထမဆုံးအကြိမ်အနေနဲ့ မြောက်ကိုရီးယားနိုင်ငံဟာ ဂျပန်ကျွန်းစုပေါ်ကျော်ပြီး ဒုံးကျည်ပစ်လွှတ်ခဲ့ပါတယ်လို့ ပင်တဂွန်းစစ်ဌာနချုပ်က ဩဂုတ် ၂၈ ရက်တွင် အခိုင်အမာပြောဆိုခဲ့ပါတယ်။**



မြောက်ကိုရီးယားနိုင်ငံရဲ့ဒုံးကျည်ပစ်လွှတ်ခြင်းတွေနဲ့ ပတ်သက်ပြီးတော့ စိစစ် အကဲဖြတ်နေပါတယ်လို့ ပင်တဂွန်က ပြောခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်ဟာ မြောက်အမေရိကတိုက်ကို ခြိမ်းခြောက်နိုင်တယ်လို့ မထင်ကြောင်း မြောက်အမေရိက အာကာသကာကွယ်ရေးဌာနချုပ် (နိုရက်ဒ်) ကဆုံးဖြတ်ခဲ့ပါတယ်။ ပြီးတော့ လည်း မြောက်ကိုရီးယားရဲ့ ချူကလီးယားအစီအစဉ်နဲ့ ပတ်သက်ပြီးတော့လည်း ပစိဖိတ်စစ်ဌာနချုပ်၊ နည်းဗျူဟာဌာနချုပ်နဲ့ နိုရက်ဒ်အဖွဲ့တို့နဲ့လည်း နီးကပ်စွာ ပေါင်းစပ်ညှိနှိုင်းပြီး နောက်ဆုံးရ သတင်းအချက်အလက်များကို မြန်နိုင်သမျှမြန်အောင် ဖော်ပြပေးသွားမယ်လို့ ပင်တဂွန်စစ်ဌာနချုပ်က ပြောပါတယ်။

အမေရိကန် အဆင့်မြင့်အရာရှိတစ်ဦးက မြောက်ကိုရီးယားရဲ့ တာလတ်ပစ်ဒုံးကျည်ဟာ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောခဲ့ပါတယ်။

တောင်ကိုရီးယား စစ်ဘက်က တာလတ်ပစ်ဒုံးကျည်ဟာ အမြင့် ၃၄၁မိုင် အကွာအဝေးအထိရောက်ရှိနိုင်ပြီး ၁၇၀၀ မိုင်အထိပစ်လွှတ်နိုင်ကြောင်း ပြောခဲ့ပါတယ်။ အဲဒီတာလတ်ပစ်ဒုံးကျည်ဟာ မြောက်ကိုရီးယားတို့ ဇူလိုင်လကပစ်လွှတ်လိုက်တဲ့ ခရီးအကွာအဝေး မိုင်ပေါင်း ၂၃၀၀ လောက်ရောက်ရှိခဲ့တဲ့ တိုက်ချင်းပစ်ဒုံးကျည်ထက် ပျံသန်းရောက်ရှိနိုင်တဲ့ ခရီးအကွာအဝေးမိုင်ထက် ပိုနည်းတယ်လို့ သိရပါတယ်။

မကြာသေးမီက မြောက်ကိုရီးယားနိုင်ငံအနေနဲ့ တိုက်ချင်းပစ်ဒုံးကျည် သုံးစင်းပစ်လွှတ်ခဲ့ကြောင်း သိရပါတယ်။ သို့သော်လည်း အဆိုပါ ဒုံးကျည်သုံးစင်းအနက် နှစ်စင်းဟာ ၂၅၀ ကီလိုမီတာခန့်သာ ပျံသန်းနိုင်ခဲ့ပြီး ကျန်တစ်စင်းကတော့ ပစ်လွှတ်ပြီး မကြာမီမှာဘဲ ပေါက်ကွဲသွားခဲ့တယ်လို့ သတင်းများမှာ ဖော်ပြထားပါတယ်။

အဆိုပါ မြောက်ကိုရီးယားတို့ ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်များမှာ ဦးတည်ရာပစ်မှတ်ကို မရောက်ဘဲ နှစ်စင်းရေထဲသို့ ကျကာ တစ်စင်းပေါက်ကွဲခဲ့တယ်လို့ အမေရိကန်ပစိဖိတ်စစ်ဌာနချုပ်က ပြောပါတယ်။

“ပြုံယမ်းတို့ ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်သုံးစင်းအနက် ပထမနဲ့ တတိယ ဒုံးကျည်နှစ်စင်းဟာ အရှေ့မြောက်ဘက်သို့ ဦးတည်ပျံသန်းခဲ့ပြီး ဒုတိယဒုံးကျည်ကတော့ ဒုံးလွှတ်စင်က ပစ်လွှတ်လိုက်ပြီး မကြာခင်မှာဘဲ ပေါက်ကွဲသွားခဲ့တယ်” လို့အမေရိကန်ပစိဖိတ်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဒေ့ဗ်ဘန်ဟမ်က ပြောပါတယ်။

ထို့အပြင် မြောက်ကိုရီးယားနိုင်ငံဟာ ကန်ဂျ်ဝမ်စီရင်စု အရှေ့ပိုင်းမှာရှိတဲ့ ကစ်တာယောင်းမြို့ကနေပြီးတော့ ဂျပန်ပင်လယ်ပြင်ကို ဦးတည်ပြီး တာဝေးပစ်ဒုံးကျည်များ ပစ်လွှတ်ခဲ့ပါတယ်လို့ တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်ရုံးကဆိုပါတယ်။

ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်တွေဟာ အရှေ့မြောက်ဘက်ကိုဦးတည် သွားပြီး ၂၅၀ ကီလိုမီတာထိ ပျံသန်းကာ ပင်လယ်ပြင်ထဲသို့ ပျက်ကျခဲ့ပါတယ်လို့ တောင်ကိုရီးယားပူးတွဲ စစ်ဦးစီးချုပ်ရုံးက ဆက်လက်ပြောကြားခဲ့ပါတယ်။

မြောက်ကိုရီးယားနိုင်ငံက မကြာသေးမီကမှ ပစ်လွှတ်လိုက်တဲ့ ဟွာဆောင်-၁၂ တာလတ်ပစ်ဒုံးကျည်တွေဟာ ဂျပန်နိုင်ငံရဲ့အချို့ဒေသတွေပေါ်က ဖြတ်ကျော်ပြီး အမေရိကန်ပစိဖိတ်ရေပိုင်နက်အနီးရှိဂူအန်းကျွန်းသို့ဦးတည်ထားသော်လည်း အောင်မြင်မှုမရှိခဲ့ဘူးလို့ဆိုပါတယ်။

သို့သော် မြောက်ကိုရီးယားရဲ့ ဩဂုတ် ၂၉ ရက်က ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်တစ်စင်းဟာ ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးကျွန်းရဲ့ အူရီမိုအငူပေါ်မှ ဖြတ်ကျော်ပျံသန်းသွားခဲ့ပြီး ပစိဖိတ်သမုဒ္ဒရာထဲသို့ ကျရောက်ခဲ့တယ်လို့ ဂျပန်အစိုးရက ပြောခဲ့ပါတယ်။ ပြုံယမ်းမြို့ဆုနန်ဒေသက ပစ်ခတ်လိုက်တဲ့ အဲဒီဒုံးကျည်ဟာ အမြင့်ပေ ၅၅၀ ကီလိုမီတာလောက်အထိ ပျံတက်ပြီး ၂၇၀၀ ကီလိုမီတာလောက်အထိ ပျံသန်းရောက်ရှိခဲ့ကာ အူရီမိုအငူအရှေ့ဘက် ၁၁၈၀ ကီလိုမီတာအကွာရှိ ပစိဖိတ်သမုဒ္ဒရာထဲသို့ ကျရောက်ခဲ့တယ်လို့ ဂျပန်အစိုးရအဖွဲ့က ပြောခဲ့ပါတယ်။

လက်ရှိမှာ အမေရိကန်နဲ့ တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်နေခြင်းကလည်း မြောက်ကိုရီးယားရဲ့ ဒေါသကို မီးလောင်ရာလေပင့်သလို ဖြစ်ခဲ့ပါတယ်။ အဲဒီပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ လာမည့်ကြာသပတေးနေ့အထိ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့သိရပါတယ်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေဖြင့်လည်း သူ့ဖခင်ချမှတ်ထားခဲ့တဲ့ “ကာကွယ်ရေးသည်သာပထမ”ဆိုတဲ့ မူဝါဒကို ဆက်လက်ကိုင်စွဲကျင့်သုံးလျက်ရှိပါတယ်။

ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ယိုရှိဟိုက်ဆူဂါက အဆိုပါ ဒုံးကျည်ပစ်လွှတ်ခြင်းကို မျှော်လင့်မထားသောသေမင်းအန္တရာယ် ခြိမ်းခြောက်မှုလို့ တင်စားခဲ့ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်ဒုံးကျည်ကာကွယ်ရေးအေဂျင်စီက ဂျပန်အစိုးရဟာ ဂျပန်နိုင်ငံရဲ့မြောက်ပိုင်းမှာရှိတဲ့ ပြည်သူတွေကို သတိထားဖို့ နှိုးဆော်ထားသင့်တယ်လို့ ပြောခဲ့ပါတယ်။ မြောက်ကိုရီးယားက ဒုံးကျည်ပစ်လွှတ်လိုက်ပြီး မကြာခင်မှာဘဲ တောင်ကိုရီးယား သမ္မတရုံးမှာ အမျိုးသားလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပါတယ်။

၂၀၂၂ မှာ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ရဲ့သက်တမ်းမကုန်ခင်မှာဘဲ မြောက်ကိုရီးယားမှာ တာဝေးပစ်နျူကလီးယားဒုံးကျည် ပိုင်ဆိုင်နိုင်တဲ့ အလားအလာရှိတယ်လို့ တချို့ကျွမ်းကျင်သူတချို့က ဆိုပါတယ်။

တောင်ကိုရီးယားနဲ့ အမေရိကန်တို့ရဲ့ စစ်ရေးလေ့ကျင့်ခြင်းကိုလည်း မြောက်ကိုရီးယားက စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

မြောက်ကိုရီးယားရဲ့ ဒုံးကျည်အန္တရာယ်နဲ့ပတ်သက်ပြီး လတ်တလောမှာ ဂျပန်စစ်ဘက်ကလည်း ၎င်းနိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်းသုံးခုမှာ ဒုံးခွင်းဒုံးဖြန့်ကြက်တဲ့ ပုံစံတွေကို ကျင့်သုံးနေကြပြီဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဟာ အမေရိကန်နဲ့ ဂျပန်တို့၏ ပူးပေါင်းလုပ်ဆောင်မှု အနေအထားကို အကဲခတ်ခြင်းဖြစ်ပြီး တစ်ပြိုင်တည်းမှာပင် ဒုံးကျည် ပစ်လွှတ်တဲ့ နေရာတွေကို ခြေရာခံနိုင်ဖို့ပဲ ဖြစ်ပါတယ်လို့ အမေရိကန်က ပြောပါတယ်။

မြောက်ကိုရီးယားဟာ ယခုလို လုပ်ရပ်တွေကို ဆက်လက်ပြုလုပ်နေမယ်ဆိုရင်တော့ ကမ္ဘာကြီးမှာတစ်ခါမှ မကြုံတွေ့ဖူးတဲ့ ဖြစ်ရပ်တွေနဲ့ ကြုံတွေ့မယ်လို့ အမေရိကန် သမ္မတဒေါ်နယ်ထရန့်က ယခုလအစောပိုင်းမှာ ပြောခဲ့ပါတယ်။ သို့သော်လည်း မြောက်ကိုရီးယားဟာ သူ့ရဲ့ဒုံးကျည်အစီအစဉ်ကို လုံးဝမစွန့်လွှတ်ခဲ့တဲ့အပြင် သူ့ရဲ့ဒုံးကျည်ဖြန့်ကြက်မှုတွေကို ဂျပန်ကျွန်းစုပေါ် ကျော်ပြီး အမေရိကန်ပစိဖိတ် ရေပိုင်နက်အနီးရှိ ဂူအန်းကျွန်းသို့ ဦးတည်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်က သိပ်မကြာသေးခင်က ဘာပြောလဲဆိုရင် မြောက်ကိုရီးယားဟာ သူ့ရဲ့ဒုံးကျည်အစီအစဉ်နဲ့ပတ်သက်ပြီး အတိတ်မှာတစ်ခါမှ မမြင်ဖူးတဲ့ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုတွေလုပ်ခဲ့တယ်လို့ ချီးကျူးပြောဆိုခဲ့ပါတယ်။ ရက်ဇ်တေလာဆန်အနေနဲ့အမေရိကန်နဲ့မြောက်ကိုရီးယားနိုင်ငံတို့ ထိပ်တိုက်တွေ့ဆုံမှုကို ရှောင်လွှဲချင်ဟန် ရှိပါတယ်။

ဒါကြောင့်မို့လည်း ဒီလိုပြောခဲ့တယ်လို့သုံးသပ်ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ကတော့ မြောက်ကိုရီးယားနိုင်ငံအပေါ် အကြမ်းနည်းကို မသုံးဘဲ ညင်ညင်သာသာ အေးအေးချမ်းချမ်း ကိုင်တွယ်သွားချင်တဲ့အနေအထားကို တွေ့ရပါတယ်။ ဘာလို့လဲဆိုရင် ဖောက်ဇ်သတင်းမီဒီယာရဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ရက်ဇ်တေလာဆန်က “အေးချမ်းသောဖိအားပေးလှုပ် ရှားမှုမျိုးပဲ လုပ်ဆောင်မယ်” လို့ အတိအလင်းပြောခဲ့လို့ပဲ ဖြစ်ပါတယ်။

ဂျပန်ကျွန်းစုပေါ်ကျော်ပြီး အမေရိကန်ပစိဖိတ်ရေပိုင်နက်အနီးရှိ ဂူအန်းကျွန်းသို့ ဦးတည်ပစ်ခတ်မှုအပါအဝင် မြောက်ကိုရီးယားရဲ့ ယခုနှစ်ဒုံးကျည်ပစ်ခတ်မှုဟာ ၁၈ ကြိမ်မြောက်ရှိသွားပြီ ဖြစ်ပါတယ်။

ဂျပန်ကိုကျော်ပြီး မြောက်ကိုရီးယားရဲ့ ဒုံးကျည်ပစ်ခတ်မှုဟာ ယခုတစ်ခါနဲ့ဆိုရင် တတိယအကြိမ်မြောက်ရှိခဲ့ပါပြီ။

၁၉၉၀ ပြည့်လွန် နှစ်များကလည်း တစ်ကြိမ်၊ လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်ကလည်းတစ်ကြိမ် ထိုသို့ဒုံးကျည်များ ပစ်လွှတ်ခဲ့ပါသေးတယ်။

မြောက်ကိုရီးယားရဲ့ ဒုံးကျည်ပစ်လွှတ်မှုတွေနဲ့အတူ ဂျပန်နိုင်ငံဟာလည်း လာမယ့်ရက်အနည်းငယ်အတွင်းမှာ ပတ်ထရီယော့ ဒုံးကျည်စနစ်တွေကို နိုင်ငံတွင်းအမေရိကန်စစ်ဘက်နဲ့ သက်ဆိုင်တဲ့နေရာအတော်များများမှာ ဖြန့်ကြက်မှုတွေ လုပ်ဆောင်တော့မယ်လို့ သိရပါတယ်။

**ဂျပန်ကျွန်းစုပေါ်ကျော်ပြီး အမေရိကန်ပစိဖိတ်ရေပိုင်နက်အနီးရှိ ဂူအန်းကျွန်းသို့ ဦးတည်ပစ်ခတ်မှုအပါအဝင် မြောက်ကိုရီးယားရဲ့ ယခုနှစ် ဒုံးကျည်ပစ်ခတ်မှုဟာ ၁၈ ခု မြောက်ရှိသွားပြီဖြစ်ပါတယ်။ ဂျပန်ကိုကျော်ပြီး မြောက်ကိုရီးယားရဲ့ ဒုံးကျည်ပစ်ခတ်မှုဟာ ယခုတစ်ခါနဲ့ဆိုရင် တတိယအကြိမ် မြောက်ရှိခဲ့ပါပြီ**

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှ အဆက်***

၇၉။ တရားရုံးသည် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားစေရန် ထိပါးချိုးဖောက်သူအပေါ် အမိန့်ချမှတ်နိုင်သည်။

၈၀။ တရားရုံးသည် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း (၂၂)**
**ပြစ်မှုနှင့် ပြစ်ဒဏ်**

၈၁။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀သိန်းအောက် မနည်းသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မပါဘဲ စီးပွားရေးအလို့ငှာ-

(၁) မူပိုင်ခွင့် အကာအကွယ်ပေးခံရသည့်လက်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မိတ္တူပွားခြင်း၊

(၂) မူပိုင်ခွင့် ချိုးဖောက်ထားသောပစ္စည်းကို လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း၊

(၃) မူပိုင်ခွင့် ချိုးဖောက်ထားသောပစ္စည်းကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်း၊

(၄) ပုဒ်မ ၄၀နှင့် ၄၁ ပါတားမြစ်ထားသော အပြုအမူတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

(ခ) မူပိုင်ခွင့် ချိုးဖောက်ထားသောပစ္စည်းများ ထုတ်လုပ်ရာတွင် သို့မဟုတ် ထုတ်လုပ်ရန် အဓိကအသုံးပြုလျက်ရှိသော ပစ္စည်းကိရိယာ တန်ဆာပလာတစ်ခုခုကို လက်ဝယ်ပိုင်ဆိုင်ခြင်း။

၈၂။ မည်သူမဆို ပုဒ်မ ၈၁ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက် ယင်းပြစ်မှုကိုကျူးလွန်သည့်နေ့မှ ၅ နှစ်အတွင်း ယခင်ကျူးလွန်ခဲ့သည့် ပြစ်မှုမျိုးကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀ အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) မူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မူပိုင်ခွင့်မှတ်ပုံတင်စာရင်း၌ မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း။

၈၄။ မည်သူမဆို ပုဒ်မ ၇၉ ပါ အမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော အပြုအမူကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာ၌ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

**အခန်း (၂၃)**
**အထွေထွေ**

၈၆။ ဤဥပဒေအရ မူပိုင်ခွင့်အတွက် အကာအကွယ်ပေးသည့် သက်တမ်းကုန်ဆုံးလျှင် ထိုမူပိုင်ခွင့်သည် အများပြည်သူပိုင်ဟု မှတ်ယူရမည်။ ထိုအများပြည်သူပိုင်မူပိုင်ခွင့်ကို မည်သူမဆို မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မလိုဘဲ လွတ်လပ်စွာအသုံးပြုနိုင်သော်လည်း အသုံးပြုသူသည် မူလလက်ရာရှင်၏အမည်နှင့် ဂုဏ်သိက္ခာဆိုင်ရာ အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

၈၇။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် The Myanmar Copyright Act, 1914 အရ သက်တမ်းမကုန်ဆုံးသေးသော မူပိုင်ခွင့်သည် ဤဥပဒေတွင် သတ်မှတ်ထားသည့် မူပိုင်ခွင့်သက်တမ်းနှင့်အညီ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများ ဆက်လက်ခံစားခွင့်ရှိရမည်။

၈၈။ ဤဥပဒေအာဏာမတည်မီက ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးသည် ဤဥပဒေအခန်း(၁၃) တွင် သတ်မှတ်ထားသည့် သက်တမ်းနှင့်အညီ ခံစားခွင့်ရှိရမည်။

၈၉။ ဤဥပဒေပြဋ္ဌာန်းချက်များသည် ဥပဒေအာဏာစတင်သက်ရောက်မည့်နေ့ရက်မတိုင်မီ က စာချုပ်ချုပ်ဆိုခဲ့သော လက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များနှင့် ထုတ်လွှင့်ခြင်းတို့အတွက် စာချုပ်စာတမ်းအပေါ် သက်ရောက်မှုမရှိစေရ။

၉၀။ ဤဥပဒေအာဏာသက်ရောက်သည့် နေ့ရက်မတိုင်မီ မူပိုင်ခွင့်ပိုင်ရှင်၏အခွင့်အမိန့်မပါဘဲ ဥပဒေနှင့်အညီပြုလုပ်ထားသော မိတ္တူများကို ဥပဒေအာဏာသက်ရောက်သည့် နေ့ရက်မှ နှစ်နှစ်အတွင်း မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ပြည်သူလူထုသို့ ဖြန့်ချိခွင့်ပြုနိုင်သည်။

၉၁။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၉၂။ မှတ်ပုံတင်အရာရှိ၏ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်နှိပ်ထားသော မူပိုင်ခွင့်လက်မှတ်မိတ္တူ၊ အထောက်အထားနှင့် စာရွက်စာတမ်းများကို သက်ဆိုင်ရာ တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၃။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက်စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၉၄။ တရားရုံးသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အဓိကအသုံးပြုလျက်ရှိသော ကိရိယာတန်ဆာပလာများကို ဖမ်းဆီးစေရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် သို့မဟုတ် ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန် သင့်လျော်သည်ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

၉၅။ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ စာပေအနုပညာလက်ရာကို ပြည်သူလူထု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ စာအုပ်စာတမ်းများ သို့မဟုတ် သင့်လျော်သော ဆောင်ရွက်ချက်များအတွက် အသုံးပြုနိုင်သည်။

၉၆။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟု သတ်မှတ်သည်။

၉၇။ စာပေအနုပညာမူပိုင်ခွင့်အခွင့်အရေး အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက်ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် -

(၁) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသော ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဃ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၉၉။ The Myanmar Copyright Act, 1914 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## မန္တလေးတက္ကသိုလ်ဘူမိဗေဒဌာနကျောက်ဥယျာဉ်၊ ကျောက်ရေတံခွန်ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနတွင် ပညာသင်ယူနေသော ကျောင်းသားကျောင်းသူများ လေ့လာသင်ယူနိုင်ရန်နှင့် ဌာနဝန်းကျင် သန့်ရှင်းသာယာလှပစေရန်အတွက် ရည်ရွယ်၍ ကျောက်ဥယျာဉ် (Geological Rock Garden) ကျောက်ရေတံခွန်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က အဆိုပါတက္ကသိုလ် ဘူမိဗေဒဌာနကျောက်ရေတံခွန်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ သီတာဝင်းက အမှာစကားပြောကြားပြီး ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းနှင့် မန္တလေးတက္ကသိုလ် ဘူမိဗေဒပါမောက္ခ ဌာနမှူး ဒေါက်တာသန်းသန်းနုတို့က မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနရှိ ဘူမိဗေဒကျောက်ဥယျာဉ် (Geological Rock Garden) ကျောက်ရေတံခွန်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဘူမိဗေဒကျောက်ဥယျာဉ်၏ အင်ကြင်းကျောက်ရေတံခွန်အတွက် မိမိကိုယ်ပိုင် ကျောက်တုံးများအား ကိုယ်တိုင်ကိုယ်ကျ ဌာနအထိသယ်ဆောင်လာပြီး စိတ်ကြိုက်ရေတံခွန် ဒီဇိုင်းရေးဆွဲ ဆောက်လုပ်လှူဒါန်းပေးခဲ့သည့် Tree Jade အင်ကြင်းကျောက်လုပ်ငန်းပိုင်ရှင် ဦးမင်းရွှေ၊ 1979 batch ဘူမိဗေဒကျောင်းသားဟောင်းများအဖွဲ့၊ ဒီဇိုင်းပညာရှင် ဦးသန်းထွဋ်၊ Board of Directors, Crown Cement Factory မှ Director ၊ စာလုံးထွင်းဖောက် အလှူရှင်များနှင့် မိုးကုတ်ဒေသ၊ ပန်လင်းပြောင်းဂေါင်း၊ ပခုက္ကူတို့မှ အလှူရှင်များကို ဂုဏ်ပြုလွှာများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။



မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန၏ အမှတ်တရအဖြစ် ဆောက်လုပ်ထားသည့် ရေတံခွန်ကို အင်ကြင်းကျောက်များ အသုံးပြုထားပြီး နွားထိုးကြီးမြို့ Tree Jade ကုမ္ပဏီက လှူဒါန်းခဲ့သည့် အင်ကြင်းကျောက်တန်ဝက်ခန့်ကို ပြုလုပ်ထားသည်။ ၅ ပေ × ၁၅ပေ အကျယ်အဝန်းရှိပြီး ရေတံခွန်ရှေ့တည့်တည့်တွင် စကျင်ကျောက်ပေါ်မှာ ဘူမိဗေဒဌာန အမှတ်တံဆိပ်နှင့်အမည်၊ တက္ကသိုလ်အမည်တို့ကို ကမ္ပည်းရေးထိုးထားသည်။ ၅ ပေ × ၈ ပေ ခန့်ရှိ စကျင်ကျောက်တုံးကို ၁၉၇၉ ခုနှစ်ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအဖွဲ့နှင့် ဦးတော်တော်နှင့် သားများအဖွဲ့က ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဥယျာဉ်တွင် မြန်မာနိုင်ငံရဲ့ အဓိက ကျောက်ကြီးသုံးမျိုးဖြစ်သည့် အနည်ကျကျောက်၊ မီးသင့်ကျောက်နှင့် အသွင်ပြောင်းကျောက် အမျိုးအစား ၁၆၀ ကျော်ထားရှိကာ ဘူမိဗေဒပညာရပ်ကို လေ့လာသင်ယူနေသော ကျောင်းသားကျောင်းသူများနှင့် ကျောက်အမျိုးအစားများနှင့်ထိတွေ့မှုရှိအောင် ရည်ရွယ်ပြီး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

## မော်လူးအုပ်စု ဟဲနရပ်ကွက်၌ တံတားဆောက်လုပ်



**မော်လူး ဩဂုတ် ၃၁**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ခွင့်ပြု ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ မော်လူးအုပ်စု ဟဲနရပ်ကွက် လမ်းသွယ်(၂)လမ်းပေါ်တွင် ကွန်ကရစ်တံတားအား ဩဂုတ် ၂၉ ရက်က ဆောက်လုပ်နေကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်တံတားဆောက်လုပ်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဆွေမြင့် နှင့်တာဝန်ရှိသူများက ကြီးကြပ်ကာ ကွန်ကရစ်လမ်းအား ခွင့်ပြုရန်ပုံငွေကျပ် ၂ ဒသမ ၂ သန်း အကုန်ကျခံကာ ဆောက်လုပ်သွားမည်ဖြစ်သည်။

တံတားဆောက်လုပ် ပြီးစီးသွားပါက ရပ်ကွက်နေပြည်သူများ စိတ်ချမ်းမြေ့စွာ ဖြတ်သန်းသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၈၄)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း



ဦးဟန်ညွန့် (ဥပဒေ)

**ဥပဒေအမြင်**

"အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ ပတ်သက်လို့ ဥပဒေအမြင် ဆောင်းပါးတွေ ဆရာရေးတာ သတင်းစာမှာ ဖတ်ရတယ်။ အလွန်နက်နဲသိမ်မွေ့တဲ့ကိစ္စဖြစ်တဲ့အတွက် ဥပဒေပြဋ္ဌာန်းချက်တွေကို သတိပြုလေ့လာဖတ်ရှုပါတယ်။ အကြမ်းဖက်မှုတွေမှာ အချို့ကိစ္စတွေက နိုင်ငံတကာနဲ့ ပတ်သက်လာပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်စရာတွေရှိလာနိုင်ပါတယ်။ အဲဒီအခါမျိုးမှာ နိုင်ငံတကာနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်ပါမည်လဲ။ ဥပဒေပြဋ္ဌာန်းချက်ရှိပါသလား။ အများနားလည်အောင် ရေးပြပါဦး" ဟု မိတ်ဆွေတစ်ဦးက မေတ္တာရပ်ခံလာပါသည်။ ထို့ကြောင့် ဤစာကို ရေးလိုက်ရပါသည်။

**အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ**

၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြစ်သော "အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ"အကြောင်း ပြီးခဲ့သောအပတ်က မိတ်ဆက်တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဆက်စပ်အချက်အလက်များ ဆက်လက်ဆွေးနွေးတင်ပြပါရစေ။ နိုင်ငံတကာနှင့် ဆက်စပ်မှုအထူးတင်ပြပါမည်။

**ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များအဖွဲ့ဝင်အဖြစ် ပါဝင်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်ပါသည်။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များ ချမှတ်ခြင်း၊

(ခ) လိုအပ်သောလုပ်ငန်းကော်မတီများနှင့် အဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများ၊ အဖွဲ့များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်အရဖြစ်စေ အဖွဲ့အစည်းအသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက် အုပ်စုအဖြစ်လည်းကောင်း၊ သူတစ်ဦးဦးကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း သတ်မှတ်ကြေညာခြင်းနှင့် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားက ပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းအသုံးပြုသော သို့မဟုတ် ထိန်းချုပ်ပုံသန်းသော လေယာဉ်များအား နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း ဆင်းသက်ခြင်း၊ ယင်းမှ ပျံတက်ထွက်ခွာခြင်း မပြုနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် ဤဥပဒေအခန်း(၁၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့် လည်းကောင်း ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဝင်နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းဝင်နိုင်ငံများနှင့် ဤဥပဒေအခန်း ၁၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြမ်းဖက်သမားများကို အပြန်အလှန် လွှဲပြောင်းပေးရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဈ) ဤဥပဒေအခန်း ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ထားရှိသော အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်း၊




(ည) အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရာတွင် ပါဝင်ပြီး ထိရောက်စွာ တားဆီးနှိမ်နင်းသည့် တပ်ဖွဲ့ဝင်များ၊ အရာထမ်း အမှုထမ်းများနှင့် ပြည်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊

(ဋ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ကြံစည်အားထုတ်မှုကိုကြိုတင်သတင်းပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အရေးယူမှု သို့မဟုတ် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏ လုံခြုံရေးကိုဖြစ်စေ၊ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) ပုဒ်မခွဲ(င)အရ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာသည့်အခါ ယင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့်ထုတ်ပြန်ခြင်း၊

(ဍ) ပုဒ်မခွဲ(ဌ)ပါ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းနှင့် ရန်ပုံငွေများနှင့်စပ်လျဉ်း၍ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှ မပြုလုပ်ရန် တားမြစ်ချက်ထုတ်ပြန်ခြင်း၊

(ပ) ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ဗဟိုအဖွဲ့က အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားရာမှ ပြန်လည်ရုပ်သိမ်းသည့်အခါ ပုဒ်မခွဲ(ဌ)ပါ ပစ္စည်းများနှင့် ရန်ပုံငွေများအပေါ် ထိန်းချုပ်ခြင်း အမိန့်ကို ပယ်ဖျက်ခြင်း၊

(ဏ) သဘောရိုးဖြင့် ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်၏ အကျိုးစီးပွားကို မထိခိုက်စေရန် ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(တ) ပုဒ်မခွဲ(ဌ)မှ ပုဒ်မခွဲ(ဏ)အထိ လုပ်ငန်းစဉ်ဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်၍ တာဝန်ယူဆောင်ရွက်သည့်ဌာန သို့မဟုတ် တပ်ဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လမ်းညွှန်ကွပ်ကဲခြင်း၊

(ထ) အကြမ်းဖက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများအား အသွင်ယူဖွဲ့စည်းခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ရာ လမ်းကြောင်းအဖြစ် အသုံးပြုခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း မပြုနိုင်စေရန် လိုအပ်သော လမ်းညွှန်မှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(ဒ) အကြမ်းဖက်မှုကို ဖော်ထုတ်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အများပြည်သူသို့ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းများ ဆောင်ရွက်ခြင်း၊

(ဓ) အကြမ်းဖက်မှုတားဆီးနှိမ်နင်းတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်အခြား တာဝန်များကို ထမ်းဆောင်ခြင်း။ **(ပုဒ်မ-၆)**

> **အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း နိုင်ငံအချင်းချင်း အကူအညီပေးရေးနှင့် စပ်လျဉ်း၍ တည်ဆဲပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်**

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အခန်း(၁၅)ပုဒ်မ ၅၇ တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတာဝန်ကို ဖော်ပြပြဋ္ဌာန်းပါသည်။

ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသည် အောက်ပါကိစ္စရပ်များအပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့် လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်-

(က) အကြမ်းဖက်မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊

(ခ) အကြမ်းဖက်သမားက မိမိနယ်မြေအား အသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ်အကြမ်းဖက်မှုကျူးလွန်ခြင်း မပြုနိုင်အောင် ကာကွယ်တားဆီးခြင်း၊

(ဂ) အကြမ်းဖက်မှုဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့ကို ကာကွယ်တားဆီးခြင်း၊

(ဃ) အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများ၊ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသထိန်းချုပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊

(င) အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊

(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ဒေသအတွင်း ဗဟိုသတင်းအချက်အလက်ဌာန ထူထောင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှု ကာကွယ်တားဆီးရေးတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။ **(ပုဒ်မ- ၅၇)**

**နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ**

အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့် လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း နိုင်ငံအချင်းချင်း အကူအညီပေးရေးနှင့် စပ်လျဉ်း၍ တည်ဆဲပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။ **(ပုဒ်မ-၅၈)**

**တရားခံအား လွှဲပြောင်းပေးခြင်း**

ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ပြစ်မှုဖြစ်သည်ဟု မှတ်ယူပြီး တရားခံလွှဲပြောင်းရေးကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ **(ပုဒ်မ-၅၉)**

**တရားမျှတစွာ ပြုမူဆက်ဆံခြင်း**

မည်သူမဆို ဤဥပဒေအရ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတစွာ ပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးအတွက် အာမခံချက်ရရှိစေရမည်။ **(ပုဒ်မ- ၆၁)**

ထိုသူ၏ နိုင်ငံသားအဖြစ် ခံယူထားသည့်နိုင်ငံမှ အနီးစပ်ဆုံးသင့်လျော်ရာ သံရုံး၊ ကောင်စစ်ဝန်ရုံးကိုယ်စားလှယ်တို့ထံ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေးရရှိစေရမည်လည်း ဖြစ်ပါသည်။ **(ပုဒ်မ- ၆၂)**

**စေတနာ**

(၁) အကြမ်းဖက်မှုကို ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်အရေးယူရပါမည်။

(၂) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့်ကဏ္ဍတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပူးပေါင်းခြင်းအပြင် တရားမျှတခြင်း မူဝါဒများကို မမေ့မလျော့ပါကြောင်း ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။

## ရေစကြိုမြို့နယ်၌ မြစ်ရေကျသဖြင့် တောင်သူများဝမ်းသာ

**ရေစကြို ဩဂုတ် ၃၁**

ယခုအခါ ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်ရေနှင့် ရောဝတီမြစ်ရေသည် ကျဆင်းလျက်ရှိသဖြင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျွန်းထဲကျေးရွာများနှင့် မြစ်ကမ်းနံဘေးရှိ ရပ်ကွက်ကျေးရွာအချို့တွင် ကုန်းမြေပေါ်လာသဖြင့် တောင်သူများ ဝမ်းသာကြလျက်ရှိသည်။ အဆိုပါ ကျေးရွာများတွင် ပဲမျိုးစုံ စိုက်ပျိုးလေ့ရှိရာ စိုက်ပျိုးချိန်အမီ ရေကျနေပြီဖြစ်သဖြင့် တောင်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။ ချင်းတွင်းမြစ်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီးဆင်းရာ ဆင်ဖြူရှင်တံတားအရောက်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းစီးဝင်ကာ ရေစကြိုမြို့နယ် အောင်ပန်းချောင်းကျေးရွာနံဘေး၌ ရောဝတီမြစ်နှင့်ချင်းတွင်းမြစ် ပေါင်းဆုံခြင်းဖြစ်သည်။

"ကျွန်တော်တို့ရွာက မြစ်နှစ်ခုဆုံတဲ့ နေရာမှာရှိတော့ မြစ်နှစ်ခုလုံးက ရေကျမှ ရွာထဲရေကျပါတယ်။ ရောဝတီမြစ်ရေကျမှ ချင်းတွင်းမြစ်ရေက ရောဝတီမြစ်ထဲစီးဝင်လို့ရတယ်။ အခု မြစ်နှစ်ခုလုံးရေကျနေလို့ ကျွန်တော်တို့ရွာထဲမှာလည်းရေကျသွားပါတယ်" ဟု အောင်ပန်းချောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးစိုးဝင်းကပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

ဘီလစ် မကြာခင် ဝက်စ်ဟမ်းအသင်း မန်နေဂျာနေရာကနေ ထုတ်ပယ်ခံရဖို့နီးနေပြီ။ ဘီလစ်ရဲ့အနာဂတ်က ဖိအားတွေနဲ့အတူ ရပ်တည်နေပြီလို့ပြောရမှာ ဖြစ်ပါတယ်။ လန်ဒန်အရှေ့ပိုင်းကလပ်လို့ ပြောလို့ရတဲ့ ဝက်စ်ဟမ်းအသင်းအနေနဲ့ ရာသီအစ သုံးပွဲလုံးရှုံးနိမ့်ခဲ့တယ်။ အထူးသဖြင့် နောက်ဆုံးကစားထားခဲ့တဲ့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်တာကတော့ အဆိုးရွားဆုံးလို့ ပြောရမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာဝက်စ်ဟမ်းအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့အောက်ဆုံးမှာ ရပ်တည်နေပါတယ်။



# ဘီလစ်ရဲ့နေရာအတွက် စဉ်းစားစရာဖြစ်လာတဲ့ ဆက်ခံမည့်သူများ

**အောင်က**

ပြီးခဲ့တဲ့ရာသီကလို အဆင့် ၁၁ နေရာမှာ ရပ်တည်ဖို့ဆိုတာကလည်း မလွယ်နိုင်ဘူးလို့ ပြောရမယ်။ ဝက်စ်ဟမ်းအသင်းပရိသတ်တွေ အတွက်လည်း ရာသီအစကတည်းက ရလဒ်ဆိုးရွားနေခဲ့တာတွေကို အချိန်မီ ကာကွယ်နိုင်ဖို့အတွက် ဘီလစ်ရဲ့နေရာမှာ အစားထိုးနိုင်မယ့် မန်နေဂျာသစ်ကို စောစီးစွာနဲ့ မျှော်လင့်နေကြတယ်လို့ ပြောရမယ်။ ဒါကြောင့် ဘီလစ်သာအသင်းကနေ ကျောခိုင်းထွက်ခွာသွားရမယ်ဆိုရင် သူ့ရဲ့နေရာမှာ ဘယ်သူတွေ ဖြစ်လာမလဲ။ လတ်တလောထွက်ပေါ်နေတဲ့သတင်းတွေကို အခြေခံပြီး ဘီလစ်ရဲ့ ဆက်ခံသူသစ်အဖြစ် ရှိလာနိုင်တဲ့ မန်နေဂျာတွေကို ဖော်ပြလိုက်ပါတယ်။

**အလန်ပါဂျူး**

အလန်ပါဂျူးရဲ့မန်နေဂျာ သက်တမ်းတစ်လျှောက်ကိုကြည့်မယ်ဆိုရင် အထုတ်ခံရတာဟာ ရှားရှားပါးပါးဖြစ်တောင့်ဖြစ်ခဲ ဖြစ်ပါတယ်။ ဒါပေမယ့်အခု ဝက်စ်ဟမ်းအသင်းကိုသာကိုင်တွယ်ခဲ့မယ်ဆိုရင် အဲ့ဒီလိုအဖြစ်မျိုးတွေ့ကြုံနိုင်လား။ လက်ရှိအချိန်မှာတော့ အလန်ပါဂျူးဟာ Sky Sports ရဲ့ဘောလုံးရေးရာကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နေပါတယ်။ ဒါပေမယ့် အလန်ပါဂျူးဟာ အလယ်အလတ်စားအသင်းတွေကို ကိုင်တွယ်ခဲ့တဲ့ ဝါရင့်မန်နေဂျာတစ်ဦးဖြစ်တာကြောင့် အသင်းတစ်သင်းကို အန္တရာယ်ရှိတဲ့အခြေအနေကနေ ဘယ်လို ကယ်ထုတ်ရမလဲဆိုတာကို ကောင်းကောင်း သိပါတယ်။ ဒါကြောင့်ဝက်စ်ဟမ်းအသင်းရဲ့အခြေအနေဟာ သူ့လို မန်နေဂျာမျိုးနဲ့တော့ ကိုက်ညီတယ်လို့ ပြောရမှာပါ။ ဒါဟာ ဝက်စ်ဟမ်းအသင်းအတွက်တော့ အကောင်းဆုံးဖြေရှင်းမှုလို့မဆိုနိုင်ပေမယ့် အလန်ပါဂျူးဟာ အသင်းအတွက် သင့်တော်တယ်ဆိုတာကိုတော့ ငြင်းပယ်လို့မရပါဘူး။

**ရိုင်ယန်ဂစ်**

ရိုင်ယန်ဂစ်ဟာ မန်နေဂျာအတွေ့အကြုံဆိုလို့ မန်နေဂျာဗန်ဟားလ်ရဲ့ လက်ထောက်နည်းပြအဖြစ် လုပ်ခဲ့တဲ့အတွေ့အကြုံနဲ့ မန်ယူအသင်းကိုကိုင်ခဲ့ရတဲ့ပွဲအနည်းငယ်အတွေ့အကြုံသာရှိတယ်လို့ ပြောရမှာပါ။ ဒါပေမယ့်သူဟာ ဘောလုံးနဲ့ပတ်သက်ပြီး အောက်ခြေကနေစတင်လာခဲ့တာကြောင့် ဘောလုံးလောကဟာ သူနဲ့ အကျွမ်းတဝင်ရှိပြီးသားလို့ ပြောရမှာပါ။ ဒါကြောင့်လည်း အသင်းတစ်သင်းအနေနဲ့ မန်နေဂျာကို ထုတ်ပယ်တော့မယ့်အခါတိုင်း ရိုင်ယန်ဂစ်ကတော့ စဉ်းစားစရာ ဆက်ခံသူအဖြစ် ရှိနေခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီကဆိုရင် သူ့ကိုခေါ်ယူဖို့ မစ်ဒယ်ဘာရော့နဲ့ ဆွမ်ဆီးတို့ကပါ ကမ်းလှမ်းမှုတွေ ပြုလုပ်ထားခဲ့ပါသေးတယ်။ သူ့အနေနဲ့ ဝက်စ်ဟမ်းအသင်းကိုသာ ကိုင်တွယ်ခဲ့မယ်ဆိုရင်အသင်းကို အောင်မြင်အောင်လုပ်ဆောင်နိုင်လိမ့်မယ်လို့လည်း ဘောလုံးပညာရှင်တချို့က ခန့်မှန်းကြပါတယ်။

**ဂျိုကာနိုဗစ်**

လက်ရှိအချိန်မှာ ဖူလ်ဟမ်အသင်းနည်းပြအဖြစ်ရှိနေတဲ့ ဂျိုကာနိုဗစ်ဟာ အစောပိုင်းကတည်းက ဝက်စ်ဟမ်းအသင်းမန်နေဂျာအဖြစ် ခန့်အပ်ခံရဖို့ရေပန်းစားနေခဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းအသင်းဟာ ဘီလစ်ကို ဆက်လက်ထားရှိခဲ့တာကြောင့် ဂျိုကာနိုဗစ်ဟာ ဝက်စ်ဟမ်းအသင်းကို ရောက်မလာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိအချိန်မှာလည်း သူဟာ ဘီလစ်ရဲ့နေရာမှာ အစားထိုးခံရဖို့အတွက် ဆက်လက်ရေပန်းစားနေသေးတဲ့ မန်နေဂျာအဖြစ် ဆက်လက်ရှိနေပါတယ်။ သူဟာဖူလ်ဟမ်အသင်းကို နှစ်နှစ်ကြာကိုင်တွယ်ခဲ့ပေမယ့် ပရီမီယာလိဂ်ကို တန်းတက်ရောက်ရှိအောင်တော့ မလုပ်နိုင်သေးပါဘူး။ ဒါပေမယ့်သူဟာ ၂၀၁၅ ခုနှစ်က ဝက်ဖို့ဒ်အသင်းကို ပရီမီယာလိဂ်ကို တန်းတက်ရောက်ရှိအောင်လုပ်ဆောင်နိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့လိုနည်းပြအနေနဲ့ ဝက်စ်ဟမ်းအသင်း မန်နေဂျာဘီလစ်ရဲ့နေရာမှာ ဆက်ခံသူအဖြစ် လျာထားခြင်းခံထားရတာလည်း ဖြစ်ပါတယ်။

**ဘင်နီတက်ဇ်**

လတ်တလောဘောလုံးလောကရဲ့ထွက်ပေါ်နေတဲ့သတင်းတွေကို ယုံကြည်ရမယ်ဆိုရင်တော့ ဘီလစ်ရဲ့နေရာမှာ ဆက်ခံဖို့အတွက် အကောင်းဆုံးမန်နေဂျာဟာ ဘင်နီတက်ဇ်လို့ပြောရမှာပါ။ သူဟာ ရေပန်းအစားဆုံးနဲ့ အပြည့်စုံဆုံးခေါ်ယူမှုလို့လည်း ပြောရမှာပါ။ သူဟာ နယူးကာဆယ်အသင်းကို ၂၀၁၅-၁၆ ရာသီမှာ ရာသီကုန်ခါနီး ပွဲအနည်းငယ်ကိုင်ခွင့်ရခဲ့ပေမယ့် ပရီမီယာလိဂ်မှာ ရပ်တည်နိုင်ဖို့မကူညီနိုင်ခဲ့ပါဘူး။ ဒါပေမယ့်နောက်တစ်ရာသီမှာတော့ လိဂ်ချန်ပီယံရှစ်မှာအသင်းကို အကောင်းဆုံးဦးဆောင်ပြီး ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ကို တန်းတက်ရောက်ရှိအောင် ကြိုးစားပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါ့အပြင် ဘင်နီတက်ဇ်ရဲ့အောင်မြင်မှုတွေနဲ့ မန်နေဂျာအတွေ့အကြုံတွေကတော့ ရှင်းပြဖို့တောင်မလိုတဲ့ နည်းပြတစ်ဦးလို့ ပြောရမှာပါ။ လက်ရှိအချိန်မှာ ဘင်နီတက်ဇ်အနေနဲ့ကလည်း နယူးကာဆယ်အသင်းနဲ့အတူ အကောင်းဆုံးရှေ့ဆက်နေတယ်လို့တော့ ပြောရမှာပါ။ ဘောလုံးလောကကြီးမှာတော့ အပြောင်းအလဲဆိုတာဟာ လျှပ်တစ်ပြက်အတွင်းဖြစ်လာနိုင်တဲ့ အရာဖြစ်ပါတယ်။ ဒါကြောင့် ဘီလစ်ထွက်ခွာသွားခဲ့မယ်ဆိုရင် ဝက်စ်ဟမ်းအသင်းရဲ့ပွဲကိုင်ရှင်ဟာ ဘင်နီတက်ဇ်လည်း ဖြစ်လာနိုင်ပါတယ်။ ။

**ဝက်စ်ဟမ်းအသင်းပရိသတ်တွေ အတွက်လည်း ရာသီအစကတည်းက ရလဒ်ဆိုးရွားနေခဲ့တာတွေကို အချိန်မီ ကာကွယ်နိုင်ဖို့အတွက် ဘီလစ်ရဲ့နေရာမှာ အစားထိုးနိုင်မယ့် မန်နေဂျာသစ်ကို စောစီးစွာနဲ့ မျှော်လင့်နေကြတယ်လို့ ပြောရမယ်။ ဒါကြောင့် ဘီလစ်သာအသင်းကနေ ကျောခိုင်းထွက်ခွာသွားရမယ်ဆိုရင် သူ့ရဲ့နေရာမှာ ဘယ်သူတွေ ဖြစ်လာမလဲ။**

## Ballond d'Or ဆုအား အဆန်စီယို ရရှိနိုင်သည်ဟု ရီးရဲမက်ဒရစ် ကစားဖော် ဗားကွက်ဇ် ချီးကျူး

စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား မားကိုအဆန်စီယိုသည် တစ်နေ့နေ့တွင် Ballond d'Or ဆုကို ဆွတ်ခူးနိုင်လိမ့်မည်ဟု ရီးရဲအသင်းကစားဖော် တောင်ပံကစားသမား လူးကပ်စ်ဗားကွက်ဇ်က ထုတ်ဖော်ပြောဆိုလိုက်သည်။



အသက် ၂၁ နှစ်အရွယ်ရှိ စပိန်ကစားသမား အဆန်စီယိုသည် ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင် ရီးရဲအသင်းအတွက် ခြေစွမ်းပြကစားနေသူဖြစ်ကာ ရီးရဲအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ငါးပွဲ ပါဝင်ကစားပြီးချိန်၌ လေးဂိုးအထိ သွင်းယူပေးထားသူဖြစ်သည်။

အဆန်စီယို၏ စပိန်လက်ရွေးစင်အသင်း ကစားဖော်တစ်ဦးလည်းဖြစ်သူ ဗားကွက်ဇ်က "အဆန်စီယိုက တကယ့်ကို အံ့မခန်းကစားသမားတစ်ဦးပါ။ လက်ရှိအချိန်မှာ သူ့ရဲ့ခြေစွမ်းကလည်း အလွန်မြင့်မားတဲ့ အခြေအနေမှာ ရှိပါတယ်။ နောက်ထပ်လည်း တိုးတက်လာနေဆဲပါ။ အဆန်စီယိုအနေနဲ့ Ballond d'Or ဆု ရရှိလိမ့်မယ်လို့ ပြောဖို့စောသေးပေမယ့် တစ်နေ့နေ့မှာတော့ဒီဆုကို သူရရှိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"ဟု ပြောဆိုခဲ့သည်။ Ballond d'Or ဆုအား ပြီးခဲ့သည့် ၇ နှစ်အတွင်း ဘာစီလိုနာကစားသမား လီယွန်နယ်မက်ဆီနှင့် ရီးရဲမက်ဒရစ်ကစားသမား စီရော်နယ်ဒိုတို့ နှစ်ဦးအနက်မှသာ ရရှိခဲ့ပြီး နောက်ဆုံးရရှိထားသူမှာ ရီးရဲကစားသမား ရော်နယ်ဒိုဖြစ်သည်။ Ballond d'Or ဆုအား စပိန်ကစားသမားများအနက်မှ ဒီစတီဖာနို (၁၉၅၇၊ ၁၉၅၉) နှင့် လူးဝစ်ဆွာရက်ဇ် (၁၉၆၀) တို့သာ ရရှိခဲ့ဖူးသည်။ **ထက်အောင်**

## အင်္ဂလန်အသင်းအနေဖြင့် ကမ္ဘာ့နံပါတ်(၁) အသင်းဖြစ်ရန် ရည်မှန်းထားကြောင်း ဟန်ဒါဆန် ပြောဆို

အင်္ဂလန်လက်ရွေးစင်အသင်း၏ ရည်မှန်းချက်မှာ ကမ္ဘာ့ဘောလုံးလောက၏ နံပါတ် (၁) အသင်းဖြစ်လာရန်နှင့် ကမ္ဘာ့ဖလားချန်ပီယံဆုရရှိရန်ဖြစ်ကြောင်း အင်္ဂလန်နှင့် လီဗာပူးကွင်းလယ်ကစားသမား ဟန်ဒါဆန်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်အသင်းသည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲဝင်ရာတွင် ခြေစစ်ပွဲအုပ်စု (ဃ) ၌ အုပ် စုပထမနေရာတွင် ရပ်တည်နေသည့်အသင်း ဖြစ်သည်။ အင်္ဂလန်အသင်းသည် နိုင်ငံတကာအဆင့်ပြိုင်ပွဲများအတွက် ခြေစစ်ပွဲများဝင်ရာတွင် ကောင်းမွန်စွာ စွမ်းဆောင်နိုင်သော်လည်း ပြိုင်ပွဲများတွင်မူ ရလဒ်ကောင်းရရှိရန် ရုန်းကန်ရလေ့ရှိသည့်အသင်း ဖြစ်သည်။ အင်္ဂလန်အသင်းသည် ၁၉၆၆ ခုနှစ်မှစ၍ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲများတွင် ကွာတားဖိုင်နယ်အဆင့်ကို ကျော်လွန်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

"အင်္ဂလန်အသင်းရဲ့ရည်မှန်းချက်က ကမ္ဘာ့ဖလားချန်ပီယံဖြစ်ဖို့ပါ။ ဒါပေမယ့် ခြေစစ်ပွဲအောင်ဖို့အတွက် နောက်ထပ် ပွဲအချို့တော့ ကစားရဦးမှာပါ။ "ကမ္ဘာပေါ်မှာ နံပါတ် (၁) အသင်းဖြစ်လာဖို့လည်း ရည်မှန်းထားပါတယ်။ ဒီလိုဖြစ်လာဖို့ အချိန်ဘယ်လောက်ကြာမြင့်မလဲဆိုတာကိုတော့ မသိပါဘူး။ အမြန်ဆုံးဖြစ်လာ လိမ့်မယ်လို့တော့ မျှော်လင့်ထားပါတယ်။ အင်္ဂလန်အသင်းမှာ ကစားသမားကောင်းတွေ၊ အရည်အချင်းရှိသူတွေနဲ့ အလုပ်ကိုပြင်းပြင်းထန်ထန်ကြိုးစားသူတွေရှိပါတယ်" ဟု ဟန်ဒါဆန်က ပြောခဲ့သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဟန်ဒါဆန်သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက နိုင်ငံတကာကစားသမားဘဝမှ အနားယူသွားခဲ့သူ အင်္ဂလန်အသင်း ကပ္ပတိန် ဝိန်းရွန်နေး၏ ကပ္ပတိန်လက်ပတ်ကို လွှဲပြောင်းပေးအပ်ရန် ရည်မှန်းခံထားရသည့် ကစားသမားများအနက်မှ တစ်ဦးဖြစ်သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၄ ရက်တွင် ဆလိုဗက်ကီးယားအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ **ထက်အောင်**




## အာစင်ဝင်းဂါးအား အာဆင်နယ်မှ ထွက်ခွာရန် အီယန်ရိုက် တိုက်တွန်း

အာဆင်နယ်အသင်း တိုက်စစ်မှူးဟောင်း အီယန်ရိုက်က အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါးအား ရာထူးမှ နုတ်ထွက်ရန် တိုက်တွန်းပြောဆိုလိုက်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၂၈ ရက်တွင် အာဆင်နယ်အသင်းက အဝေးကွင်း၌ လီဗာပူးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ပြီးနောက် အင်္ဂလန်တိုက်စစ်မှူးဟောင်း အီယန်ရိုက်က ယခုကဲ့သို့ တိုက်တွန်းပြောဆိုခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစားပြီးချိန်၌ နိုင်ပွဲတစ်ပွဲသာ ရရှိခဲ့ကာ နှစ်ပွဲအရေးနိမ့်ခဲ့ပြီး အမှတ်ပေးဇယား၏ အဆင့် ၁၆ နေရာသို့ ရောက်ရှိနေသည့်အသင်း ဖြစ်သည်။

"မန်နေဂျာ အာစင်ဝင်းဂါးအနေနဲ့အသင်းက ထွက်ခွာသွားရမယ့် အခြေအနေကို ရောက်နေပါပြီ။ ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ရာသီမှာ အာဆင်နယ်အသင်းက သုံးပွဲပဲ ကစားထားရသေးပေမယ့် အဆိုးရွားဆုံးအခြေအနေကို ရောက်နေတယ်။ အာဆင်နယ်ကနေ မန်နေဂျာ အာစင်ဝင်းဂါး ထွက်ခွာသွားတာကို ကျွန်တော်လိုလားသလားဆိုရင် လိုလားတယ်လို့ ပြောရမှာပါ။ ဘာကြောင့်လဲဆိုတော့ အာစင်ဝင်းဂါးအနေနဲ့ ကစားသမားတွေကို လှုံ့ဆော်ပေးနိုင်စွမ်းမရှိတော့ဘူးလို့ ကျွန်တော် ယုံကြည်တာကြောင့်ဖြစ်ပါတယ်။ လက်ရှိအခြေအနေက တကယ့်ကို အိပ်မက်ဆိုးပါပဲ။ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ အာဆင်နယ်အသင်းဟာ အာစင်ဝင်းဂါးအတွက် ကစားပေးခြင်းမရှိတော့ဘူးလို့ ကျွန်တော်မြင်တယ်" ဟု တိုက်စစ်မှူးဟောင်း အီယန်ရိုက်က ပြောဆိုခဲ့သည်။

ပြင်သစ်လူမျိုး မန်နေဂျာ အာစင်ဝင်းဂါးသည် ပြီးခဲ့သည့် ဘောလုံးရာသီ ပြီးဆုံးခါနီးအချိန်တွင် အသင်းမှ ထွက်ခွာရန် အာဆင်နယ်အသင်း ပရိသတ်အချို့၏ တောင်းဆိုမှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အာဆင်နယ်အသင်းက မန်နေဂျာ အာစင်ဝင်းဂါးအား ၂၀၁၉ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သည်။ **ထက်အောင်**



## ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲများ

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁-၉-၁၇)** | | | |
| ည ၁၀း၃၀ | ကာဇက်စတန် | - | မွန်တီနီဂရိုး |
| နံနက် ၁း၁၅ | ချက် | - | ဂျာမနီ |
| နံနက် ၁း၁၅ | နော်ဝေ | - | အဇာဘိုင်ဂျန် |
| နံနက် ၁း၁၅ | ဆန်မာရီနို | - | မ/အိုင်ယာလန် |
| နံနက် ၁း၁၅ | ဒိန်းမတ် | - | ပိုလန် |
| နံနက် ၁း၁၅ | ရိုမေးနီးယား | - | အာမေးနီးယား |
| နံနက် ၁း၁၅ | လစ်သူရေးနီးယား | - | စကော့တလန် |
| နံနက် ၁း၁၅ | မော်လ်တာ | - | အင်္ဂလန် |
| နံနက် ၁း၁၅ | ဆလိုဗက်ကီးယား | - | ဆလိုဗေးနီးယား |
| **စနေနေ့ (၂-၉-၁၇)** | | | |
| ည ၁၀း၃၀ | ဂျော်ဂျီယာ | - | အိုင်ယာလန် |
| ည ၁၀း၃၀ | ဆားဘီးယား | - | မော်လ်ဒိုဗာ |
| ည ၁၀း၃၀ | အယ်ဘေးနီးယား | - | လက်ချင်စတိန်း |
| ည ၁၀း၃၀ | ဖင်လန် | - | အိုက်စလန် |
| နံနက် ၁း၁၅ | ဝေလ | - | ဩစတြီးယား |
| နံနက် ၁း၁၅ | အစ္စရေး | - | မက်ဆီဒိုးနီးယား |
| နံနက် ၁း၁၅ | စပိန် | - | အီတလီ |
| နံနက် ၁း၁၅ | ယူကရိန်း | - | တူရကီ |
| နံနက် ၁း၁၅ | ခရိုအေးရှား | - | ကိုဆိုဗို |
| **တနင်္ဂနွေနေ့ (၃-၉-၁၇)** | | | |
| ည ၁၀း၃၀ | ဘီလာရုစ် | - | ဆွီဒင် |
| ည ၁၀း၃၀ | ဖာ်လန် | - | ဘူလ်ဂေးရီးယား |
| ည ၁၀း၃၀ | ဖါရိုးကျွန်းစု | - | အန်ဒိုရာ |
| ည ၁၀း၃၀ | အက်စ်တိုးနီးယား | - | ဆိုက်ပရပ်စ် |
| နံနက် ၁း၁၅ | ပြင်သစ် | - | လူဇင်ဘတ် |
| နံနက် ၁း၁၅ | ဟန်ဂေရီ | - | ပေါ်တူဂီ |
| နံနက် ၁း၁၅ | လတ်ဗီးယား | - | ဆွစ်ဇာလန် |
| နံနက် ၁း၁၅ | ဂရိ | - | ဘယ်လ်ဂျီယံ |
| နံနက် ၁း၁၅ | ဂျီဘရော့တာ | - | ဘော့စနီးယား |
| **တနင်္လာနေ့ (၄-၉-၁၇)** | | | |
| ည ၁၀း၃၀ | အဇာဘိုင်ဂျန် | - | ဆန်မာရီနို |
| ည ၁၀း၃၀ | အာမေးနီးယား | - | ဒိန်းမတ် |
| နံနက် ၁း၁၅ | ဂျာမနီ | - | နော်ဝေ |
| နံနက် ၁း၁၅ | မ/အိုင်ယာလန် | - | ချက် |
| နံနက် ၁း၁၅ | မွန်တီနီဂရိုး | - | ရိုမေးနီးယား |
| နံနက် ၁း၁၅ | ပိုလန် | - | ကာဇက်စတန် |
| နံနက် ၁း၁၅ | အင်္ဂလန် | - | ဆလိုဗက်ကီးယား |
| နံနက် ၁း၁၅ | စကော့တလန် | - | မော်လ်တာ |
| နံနက် ၁း၁၅ | ဆလိုဗေးနီးယား | - | လစ်သူရေးနီးယား |
| **အင်္ဂါနေ့ (၅-၉-၁၇)** | | | |
| နံနက် ၁း၁၅ | ဩစတြီးယား | - | ဂျော်ဂျီယာ |
| နံနက် ၁း၁၅ | မော်လ်ဒိုဗာ | - | ဝေလ |
| နံနက် ၁း၁၅ | အိုင်ယာလန် | - | ဆားဘီးယား |
| နံနက် ၁း၁၅ | မက်ဆီဒိုးနီးယား | - | အယ်ဘေးနီးယား |
| နံနက် ၁း၁၅ | အီတလီ | - | အစ္စရေး |
| နံနက် ၁း၁၅ | လီချင်စတိန်း | - | စပိန် |
| နံနက် ၁း၁၅ | အိုက်စလန် | - | ယူကရိန်း |
| နံနက် ၁း၁၅ | တူရကီ | - | ခရိုအေးရှား |
| နံနက် ၁း၁၅ | ကိုဆိုဗို | - | ဖင်လန် |

## ကမ္ဘာ့ဖလားတောင်အမေရိကဇုန်ခြေစစ်ပွဲများ

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၅-၉-၁၇)** | | | |
| နံနက် ၂း၃၀ | ဘိုလီးဗီးယား | - | ချီလီ |
| နံနက် ၃း၀၀ | ကိုလံဘီယာ | - | ဘရာဇီး |
| နံနက် ၃း၃၀ | အီကွေဒေါ | - | ပီရူး |
| နံနက် ၆း၀၀ | အာဂျင်တီးနား | - | ဗင်နီဇွဲလား |
| နံနက် ၆း၃၀ | ပါရာဂွေး | - | ဥရုဂွေး |

## ကမ္ဘာ့ဖလားကွန်ကာကပ်ဇုန်ခြေစစ်ပွဲများ

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၅-၉-၁၇)** | | | |
| နံနက် ၄း၀၆ | ဟွန်ဒူးရပ်စ် | - | အမေရိကန် |
| နံနက် ၈း၃၅ | ကော်စတာရီကာ | - | မက္ကဆီကို |
| နံနက် ၈း၃၅ | ပနားမား | - | ထရီနီဒက်စ် |

## ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲများ

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၅-၉-၁၇)** | | | |
| ညနေ ၄း၃၀ | ဩစတြေးလျ | - | ထိုင်း |
| ည ၆း၄၀ | အီရတ် | - | ယူအေအီး |
| ည ၉း၃၀ | ကာတာ | - | တရုတ် |
| ည ၉း၃၀ | အီရန် | - | ဆီးရီးယား |
| ည ၉း၃၀ | ဥဇဘက် | - | တောင်ကိုရီးယား |
| နံနက် ၀၀း၀၀ | ဆော်ဒီ | - | ဂျပန် |



# အင်္ဂလန်နဲ့ ဂျာမနီတို့နိုင်ပွဲယူမယ့်

# ကမ္ဘာ့ဖလားခြေစစ်ပွဲများ

— ဝေမိုးဆက် —

လာမယ့် စက်တင်ဘာလ ၁ ရက်နေ့ညမှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲတွေကို ဆက်လက် ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါခြေစစ်ပွဲတွေကိုတော့ ပြီးခဲ့တဲ့ ဩဂုတ် ၃၁ ရက် ညကတည်းက စတင်ကျင်းပနေတာဖြစ်ပြီး လာမယ့်စက်တင်ဘာလ ၅ ရက်နေ့ညအထိ ဆက်တိုက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါပွဲတွေအနက်က အနီးကပ်ဆုံးပွဲစဉ်အချို့ကိုသုံးသပ် ဖော်ပြလိုက်ရပါတယ်။

FIFA WORLD CUP
RUSSIA 2018

### ချက် VS ဂျာမနီ

ပ-ကျော့ ⁝ ဂျာမနီ ၃ ၀ ချက်

လူမစုံတဲ့ကြားက ကွန်ဖက်ဒရေးရှင်းဖလားကိုတောင် အရယူနိုင်ခဲ့တဲ့ဂျာမနီဟာ ဒီခြေစစ်ပွဲမှာလည်း ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ ချက်ကအသင်းကောင်းတစ်သင်းဖြစ်တဲ့အပြင် အိမ်ကွင်းအားသာချက်ရှိနေပေမယ့်လည်း အသင်းလိုက်ခြေစွမ်းပိုင်းမှာ ဂျာမနီကိုယှဉ်နိုင်ဖို့ခက်ပါတယ်။ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ အားစိုက်လာမယ့်ဂျာမနီပဲ အနိုင်ရသွားဖို့ရှိနေပါတယ်။

### နော်ဝေ VS အဇာဘိုင်ဂျန်

ပ-ကျော့ ⁝ အဇာဘိုင်ဂျန် ၁ ၀ နော်ဝေ

နော်ဝေရဲ့ခြေစွမ်းပိုင်းက ဒီခြေစစ်ပွဲအတွင်းမှာ အားနည်းမှုတွေရှိနေပါတယ်။ လက်ရှိအချိန်အထိ တစ်ပွဲသာအနိုင်ရပါသေးတယ်။ ဒါပေမယ့်လည်းဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့် နော်ဝေတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တဲ့အပြင် အဇာဘိုင်ဂျန်ကလည်း ခြေစွမ်းပိုင်းသာမန်သာရှိတဲ့အသင်း ဖြစ်ပါတယ်။ အိမ်ကွင်းအားနဲ့ဖိအားပေးလာမယ့် နော်ဝေကသာနိုင်ပွဲရယူသွားနိုင်မှာပါ။

### ရိုမေးနီးယား VS အာမေးနီးယား

ပ-ကျော့ ⁝ အာမေးနီးယား ၀ ၅ ရိုမေးနီးယား

ပထမအကျော့ပွဲမှာ အိမ်ကွင်းမှာ ကစားခဲ့ရတာတောင် အာမေးနီးယားဟာ ရိုမေးနီးယားကို ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ ဒီပွဲကရိုမေးနီးယားရဲ့အိမ်ကွင်းဖြစ်ပြီး ရိုမေးနီးယားက ဒုတိယနေရာမျှော်လင့်နေတာကြောင့်လည်း အမှားခံမှာမဟုတ်ပါဘူး။ ဒီပွဲမှာ ရိုမေးနီးယားကသာနိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပြီး ဂိုးလည်းများမယ်။

### ကာဇက်စတန် VS မွန်တီနီဂရိုး

ပ-ကျော့ ⁝ မွန်တီနီဂရိုး ၅ ၀ ကာဇက်စတန်

ဒိန်းမတ်နဲ့အမှတ်တူအနေအထားဖြစ်နေတာကြောင့် ဒုတိယနေရာတည်မြဲနိုင်ဖို့ မွန်တီနီဂရိုးနိုင်ပွဲရအောင် အားစိုက်လာမှာသေချာပါတယ်။ ကာဇက်စတန်ကအိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းသာမန်သာရှိတာကြောင့် မွန်တီနီဂရိုးကသာ ဖိအားပေးသွားနိုင်မှာပါ။ မွန်တီနီဂရိုးပဲ အနိုင်ရမယ်။

### လစ်သူရေးနီးယားVS စကော့တလန်

ပ-ကျော့ ⁝ စကော့တလန် ၁ ၁ လစ်သူရေးနီးယား

စကော့တလန်က ဒုတိယနေရာ မျှော်လင့်နိုင်သေးတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့် လစ်သူရေးနီးယားကလည်း အိမ်ကွင်းအားနဲ့ဖိအားပေးကစားလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ခြေစွမ်းသာမန်သာရှိတဲ့ စကော့တလန် သရေပဲရမယ်။

### ဆလိုဗက်ကီးယားVSဆလိုဗေးနီးယား

ပ-ကျော့ ⁝ ဆလိုဗေးနီးယား ၁ ၀ ဆလိုဗက်ကီးယား

ဆလိုဗက်ကီးယားဟာ ဒီပွဲအနိုင်ရခဲ့ရင် အုပ်စုဒုတိယနေရာ ခိုင်မာသလောက်ရှိသွားနိုင်တာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဆလိုဗေးနီးယားကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဆလိုဗက်ကီးယားတို့ နိုင်ပွဲရသွားမှာပါ။

### ဒိန်းမတ် VS ပိုလန်

ပ-ကျော့ ⁝ ပိုလန် ၃ ၂ ဒိန်းမတ်

ဒိန်းမတ်ကဒီပွဲအနိုင်ရခဲ့ရင် ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ဖို့မျှော်လင့်နိုင်မှာဖြစ်တာကြောင့် အိမ်ကွင်းမှာအားစိုက်ကစားလာဖို့ရှိနေပါတယ်။

ဒိန်းမတ်အနေနဲ့ အိမ်ကွင်းမှာဆိုရင် ဂျာမနီကိုပါ သရေကစားနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် ပိုလန်ကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး ကစားသမားအင်အားတောင့်တင်းလို့ ဒိန်းမတ်သရေပဲရမယ်။

### မော်လ်တာ VS အင်္ဂလန်

ပ-ကျော့ ⁝ အင်္ဂလန် ၂ ၀ မော်လ်တာ

အင်္ဂလန်ဟာခြေစစ်ပွဲတိုက်ရိုက်အောင်မြင်နိုင်ဖို့အမှားခံမှာမဟုတ်ပါဘူး။ မော်လ်တာကတော့ ခြေစွမ်းပိုင်းအရဒီအုပ်စုတွင်းမှာအား အနည်းဆုံးဖြစ်နေပါတယ်။ ဒါပေမယ့်အင်္ဂလန်ဟာအဝေးကွင်းမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်သလို တိုက်စစ်ပိုင်းကလည်း အဝေးကွင်းပွဲတွေမှာ ဂိုးသွင်းအားတည်ငြိမ်မှုမရှိပါဘူး။

ဒါကြောင့် အင်္ဂလန်ကပ်ပြီးသာနိုင်မယ်။

### ဆန်မာရီနို VS မ/အိုင်ယာလန်

ပ-ကျော့ ⁝ မ/အိုင်ယာလန် ၄ ၀ ဆန်မာရီနို

ဆန်မာရီနိုက အုပ်စုတွင်းမှာခြေစွမ်းပိုင်း အားအနည်းဆုံးအသင်းဖြစ်ပါတယ်။ ဆန်မာရီနိုအနေနဲ့ အိမ်ကွင်းဖြစ်ပေမယ့်လည်း အုပ်စုဒုတိယနေရာတည်မြဲနိုင်ဖို့အတွက်အားစိုက်လာမယ့် မြောက်အိုင်ယာလန်ကို ထိန်းချုပ်နိုင်ဖို့က ခက်ခဲနိုင်ပါတယ်။

ကစားသမားအင်အားလည်းကွာဟနေတာလို့ မြောက်အိုင်ယာလန်ပဲအနိုင်ရမယ်။

# တော်သလင်းလတွင် နွှဲဆင်ယင် ရိုးရာယဉ်ကျေးမှု လှေပွဲသဘင်

**ဆောင်းပါး - ရွှေတိုင်လွင်**

တော်သလင်းလသည် မြန်မာနှစ်၏ ခြောက်လမြောက်လဖြစ်ပြီး မိုးဥတုကာလတွင် ပါဝင်သော်လည်း မိုးနည်းပြီး ဆောင်းဥတုသို့ ကူးပြောင်းရန် တာစူနေသောလပင်ဖြစ်ပေသည်။ မြောက်ပြန်လေနုအေးတို့က တစ်ခါတစ်ရံပက်ဖျန်းကာ မြစ်တွင်းမှာ လှိုင်းများကင်းစင်ပြီး သာယာငြိမ့်ညောင်းမှုကို ပြနေပေသည်။

ဤလသည် ကန်ရာသီသို့သက်ဆင်းပြီး ရာသီပန်းဖြစ်သော ယင်းမာပန်းတို့ ကြိုင်လှိုင်စွာ မွှေးကြူသင်းပျံ့နေပါတော့သည်။ တော်သလင်းလတွင် မိုးများ သဲကြီးမဲကြီး ထစ်ချုန်းရွာသွန်းလေ့ရှိသလို နေပူပြင်းမှုကြောင့် ပုစွန်ပင်သေလောက်ပေသည်ဟု ရှေးဆိုရိုးစကားအရ "တော်သလင်းနေ ပုစွန်သေ"၊ "တော်သလင်းမိုး ကန်သင်းကျိုး"ဟူသော ဆိုရိုးများရှိခဲ့ပါလေသည်။

တော်သလင်းလဝယ် ဥတ္တရဘာရဂဏီ၊ ဟဿတ၊ စိတြတည်းဟူသော နက္ခတ်များနှင့် တင့်တယ်လှပါပေသည်။ ထိုလတွင် မြစ်တွင်းသင်ဖြူးခင်းဆိုသကဲ့သို့ မြစ်ပြင်မှာ ရေစီးနှုန်းပျော့ပြီး ရေများ ငြိမ့်ညောင်းစွာစီးနေသည့်ကာလဝယ် မြန်မာတို့၏ အားမာန်၊ ဇာတိသွေးတို့ကို ပုံဖော်လောင်းပေးသည့် လှေပြိုင်ပွဲ၊ လှေပွဲသဘင်ကို ဆင်နွှဲကြသည်မှာလည်း ရှေးမြန်မာဘုရင်မင်းများ လက်ထက်တော်ကတည်းက ကျင်းပလာခဲ့သည်ကို မြန်မာစာပေ ယဉ်ကျေးမှုနယ်တွင် လေ့လာတွေ့ရှိရပါလေသည်။

ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့သီဆိုသည့် ဆယ့်နှစ်လရာသီသီချင်းတွင် "မိုင်းကာဆင် ဝန်းလို့လေး၊ လျှံဝေရောင်လင်း၊ ထွန်းဝင်းကြည်လ ဘဒြနှင့် ကြွကြွထိက်ပန်း၊ ကူးသန်းသွားလာ၊ ယင်းမာကြိုင်နံ့၊ ဆွတ်ပျံ့မွှေးကြည်၊ ကန်မှာသည်လည်း၊ စည်စည်ပင်ပင် ပျော်ပါးရွှင်လျက်၊ သဘင်လှေပြိုင် အဆိုင်ဆိုင်ကို ဘုန်းလှိုင်ညွန့်လူ၊ ထွက်တော်မူလျှင် နန်းသူသည်က လွမ်းမည်ရှင်"ဟု စပ်ဆိုထားသည်။

ဤတော်သလင်းလသည် ထွန်းပကြည်လင်သောရာသီတွင် ပါဝင်ပြီး တိမ်သားများ တောက်ပလှပသောလ ဖြစ်ပေသည်။ ရာသီပန်းဖြစ်သော ယင်းမာပန်းတို့ ဆွတ်ပျံ့မွှေးကြူသင်းထုံစွာ ဖူးပွင့်နေချိန်ဝယ် အုံးအုံးကြွက်ကြွက် စည်းစည်းလုံးလုံးဖြင့် လှေပြိုင်ပွဲသဘင်ကို ကျင်းပပြီး ဘုရင်ကိုယ်တိုင် ကြွရောက်အားပေးပုံကို ထင်ရှားစွာ ထည့်သွင်းရေးဖွဲ့ထားရှိလေသည်။ မြန်မာလှေသဘင်ပွဲတော်ကို ဤလတွင် ခြိမ့်သဲညီညာ ပြည်ရွာအနှံ့ ကျင်းပခြင်းမှာ ရှေးမြန်မာဘုရင်တို့လက်ထက်ကတည်းကရှိနေခဲ့ပုံကို လေ့လာမှတ်သား ဆင့်ပွားကာ တင်ပြရလိုက်ရပါသည်။

ထို့အတူ တော်သလင်းလ၏ အလှပုံရိပ်ကို စာဆိုရှင်မယ်ခွေ၏ ဆယ့်နှစ်လရာသီဘွဲ့ အဲချင်းမှ ကောက်နှုတ်တင်ပြရမည်ဆိုလျှင် "ဟဿတကြယ်၊ နေနှင့်ဆွယ်လို့၊ မိုးလယ်ပီပီ၊ တိမ်ကတ္တီလည်း" ဟူ၍လည်းကောင်း၊ "ရာဇဂြိုဟ်ပြည်ကိုမှီ၍၊ တင်းကြယ်နီထွန်း ရေသင်ဖြူးခင်း တော်သလင်းကို မြစ်တွင်းဖြည့်စွက် ဂဠုန်ငှက်ကဲ့သို့၊ ရွှေတတ်ကယ်မြောက်ချီ၊ ရွှေရေသီနှင့် ညီညာစုံလင် လှေပွဲတော်ဆင်ကြတယ်၊ မြစ်ပြင်မှာ ရေသာကြောင်းက စည်မောင်းရွှမ်း"ဟုလည်းကောင်း ဆိုထားသည်ကို တွေ့ရသည်။

တော်သလင်းလသည် မိုးလပင်ဖြစ်သော်လည်း မိုးတိမ်ကင်းပ သာယာသော ကတ္တိပါကောင်းကင်နှင့် ဟဿတတို့ တင့်တယ်လျက် ရာသီပန်းယင်းမာတို့ ဖူးငုံဝေဆာ တင့်တယ်စွာဖြင့် မြစ်ပြင်တရိုး လေမတိုးသောကြောင့် သင်ဖြူးခင်းထားသည့် ဤအချိန်ကာလဝယ် ရာဇဂြိုလ်ပြည်အား စံပြုလျက် ကြယ်နီထွန်းသည့် ထိုကာလတွင် ပြည်လုံးကျွတ် ကမ်းလုံးညွတ်မျှ လူစည်ကားစွာ လှေသဘင်ပွဲတော် လှေပြိုင်ပွဲတော်ကို မြစ်ရိုးတစ်လျှောက် ဆင်နွှဲနေသည်မှာ လှေတက်ကလေးများ အမြောက်အချညီမှုသည် ဂဠုန်ငှက်ပျံသန်းသကဲ့သို့ လျင်မြန်လှပေသည်။ ပြိုင်ပွဲအနီးတစ်ဝိုက် စည်မောင်းသံတို့က ဆူဝေလျက် ပြည်လုံးကျွတ် စည်းလုံးညီညာမှုစွမ်းအားကို ဖော်ဆောင်ပေးလျက်ရှိပေရာ မြန်မာ့ယဉ်ကျေးမှု လှေသဘင်ပွဲတော်ကို မြန်မာအမျိုးသားတိုင်း မမေ့သင့်ပါ၍ နှစ်စဉ်ကျင်းပကြခြင်းဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စည်းလုံးချစ်ကြည်မှုကို ရယူနိုင်ပေမည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

တစ်ဖန် စာဆိုရှင် ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့နှင့် မိုးဘွဲ့သဖြန်လေးဆစ်များထဲမှ တော်သလင်းလဘွဲ့ သဖြန်လေးဆစ်တွင်လည်း "ကန်ရာသီချိန်တွင်းမို့၊ ရွှေရင်းတဲ့မာငုံ၊ မြိုင်ဟေမာသာနန်းက၊ သုတ်ဖြန်းလေယူဖြန့်၊ သင်းပျံ့ပျံ့ထုံ၊ တိမ်စွန်ဘုံ၊ ရောင်ဟုန်လျှံ၊ လမင်းသော်တာနှင့် အဗ္ဗဒါဆို၊ ရွှေကြီးငယ်နီးသည့်ကာလ" ဟူ၍ဖွဲ့ဆိုထားပေသည်။

ကန်ရာသီခွင် တော်သလင်းလမှာဖြင့် ရာသီပန်းဖြစ်သော ရွှေယင်းမာတို့ ပွင့်ဝေဆာလျက် စုံတော်မြိုင်မဟာနန်းဟူ၍ တင်စားထားသကဲ့သို့ နန်းတော်ကြီးတမျှ ဂနိုင်တောအနှံ့ မွှေးထုံနေပေသောလဖြစ်ပြီး အဗ္ဗဒါခေါ် ရွှေကြီးတာရာတို့ တိုက်ဆိုင်သောလလည်းဖြစ်ကာ တိမ်တိုက်များမှာ အရောင်အဝါဝင်းလျက် သော်တာလမင်းနှင့် ယှဉ်ပြိုင်ကာ တင့်တယ်လှပါ တော့သည်ဟု ဆိုထားခြင်းဖြစ်ပေသည်။

ဤတော်သလင်းလသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ကို ဖော်ဆောင်ပေးသောလ ဖြစ်သလို မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှု၊ စုစည်းညီညာစွာ အဖွဲ့လိုက်စွမ်းဆောင်မှုတို့ကို ပျိုးထောင်ပေးသောလဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ လှေပြိုင်ပွဲကို ဆင်ယင်ကျင်းပနေစဉ် လှေသမားတို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ လှေတစ်စီးနှင့်တစ်စီး၊ ဒိုးပတ်များ၊ သံပေါက်များဖြင့် အားမာန်ကိုဖြစ်စေသော လှေတော်သံ၊ သံချပ်များ၊ တက်ခုတ်ယိမ်းများကို အပြိုင်အဆိုင် သီဆိုတီးမှုတ် လှော်ခတ်နေကြသည်မှာ အလွန်မှ ကြည်နူးအားတက်ဖွယ်ရာ ဖြစ်ပေတော့သည်။ မြန်မာတစ်မျိုးသားလုံးကလည်း ရိုးရာလှေလှော်ပြိုင်ပွဲတို့ကို မြတ်နိုးခုံမင် အားရနှစ်သက်ကြပါသည်။ မြန်မာအမျိုးသားများ ပီသပေသည်ဟု ဆိုရပါပေမည်။

ယနေ့ဆိုလျှင် လှေသဘင်ပြိုင်ပွဲများကို မြန်မာပြည်အနှံ့ ကျင်းပနိုင်မှုမှာ အားနည်းသည်ဆိုသည်ထက် မဖြစ်တော့သည်က ပို၍ပင် များနေတော့သည်။ အစဉ်အလာမပျက် ကျင်းပနိုင်သော မြို့နယ်များမှာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တို့တွင်သာ အများအားဖြင့် နှစ်စဉ်ဆင်နွှဲသည်ကို လေ့လာတွေ့ရှိရပြီး ရံဖန်ရံခါ လှေပြိုင်ပွဲများကိုမူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာကန်တွင်လည်းကောင်း၊ ကချင်ပြည်နယ် အင်းတော်ကြီးကန်တွင်လည်းကောင်း ကျင်းပခြင်းကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံသားတို့၏ အမျိုးသားဇာတိမာန်စိတ်များ ထက်သန်ပွားများစေမည့် အစုလိုက် အဖွဲ့လိုက် စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်ရသော လှေသဘင်ပွဲတော်များကို မြန်မာနိုင်ငံဒေသအနှံ့မှာ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးအသိများ တိုးပွားလာစေပြီး မြန်မာမှုယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်နိုင်မည်ဟု ရည်မျှော်တွေးလျက် ရှေးမြန်မာမင်းအဆက်ဆက် လက်ထက်မှ စတင်ဆင်နွှဲလာခဲ့သည့် တော်သလင်းလ လှေသဘင်ပွဲတော် လှေလှော်ပြိုင်ပွဲများကို ယနေ့ကာလတွင်လည်း အစဉ်အလာမပျက် ဆင်နွှဲခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်ဟု မျှော်မှန်းရေးသား တင်ပြလိုက်ရပါသည်။ ။

**မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ကို ဖော်ဆောင်ပေးသောလ ဖြစ်သလို မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှု၊ စုစည်းညီညာစွာ အဖွဲ့လိုက်စွမ်းဆောင်မှုတို့ကို ပျိုးထောင်ပေးသောလဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ လှေပြိုင်ပွဲကို ဆင်ယင်ကျင်းပနေစဉ် လှေသမားတို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ လှေတစ်စီးနှင့်တစ်စီး၊ ဒိုးပတ်များ၊ သံပေါက်များဖြင့် အားမာန်ကိုဖြစ်စေသော လှေတော်သံ၊ သံချပ်များ၊ တက်ခုတ်ယိမ်းများကို အပြိုင်အဆိုင် သီဆိုတီးမှုတ် လှော်ခတ်နေကြသည်မှာ အလွန်မှ ကြည်နူးအားတက်ဖွယ်ရာ ဖြစ်ပေတော့သည်။**

# ပုပ္ပားတောင်ကလပ်တွင် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကျင်းပရေး ဆွေးနွေး

**ကျောက်ပန်းတောင်း သြဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် (၆၅)နှစ်မြောက် ကျင်းပပြုလုပ်မည့် ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲ၊ အောင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တောင်ကလပ်ဂေါပကအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ၊ အရပ်ဖက်အဖွဲ့အစည်းများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဝင်းကိုကိုက (၆၅)နှစ်မြောက် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ မြို့နယ်ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေတို့ကို ဖတ်ကြားဆွေးနွေးပြီး H1N1 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည့်အစီအစဉ်များ၊ ပုပ္ပားတောင်ကလပ်လမ်းတွင် မော်တော်ယာဉ်များ လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့နှင့် ဒေသခံကျေးရွာလူငယ်အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် တောင်ကလပ်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံလူငယ်အဖွဲ့တာဝန်ခံများ၊ ပုပ္ပားကျေးရွာနှင့် တောင်ကလပ်ကျေးရွာတို့မှ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက ဘိုးတော်ထွက်ပွဲတွင် ကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေ၊ ယာဉ်လမ်းကြောင်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် မီးဘေးကာကွယ်ရေးဆိုင်ရာ ကြိုတင်ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ပုပ္ပားတောင်ကလပ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကို ယခုနှစ်တွင်(၆၅)နှစ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။ ဘိုးတော် အောင်မင်းခေါင်သည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်သို့မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် ရောက်ရှိလာပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှ မြန်မာသက္ကရာဇ် ၁၃၁၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ကြောင်း၊ အသေထွက် ပုဂ္ဂိုလ်ထူးအဖြစ် ဒေသခံများနှင့် တပည့်သာဝကများစွာက ယနေ့အချိန်အထိ ယုံကြည်စွာကိုးကွယ်ခဲ့ကြပြီး ၎င်းကွယ်လွန်သည့်နေ့ကို ဘိုးတော်ထွက်ပွဲနေ့အဖြစ် ကျင်းပပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု ရှင်းလင်းဆွေးနွေး

**ပုလဲ သြဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း ကျေးရွာများ၌ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများနှင့်ပတ်သတ်၍ ရှင်းလင်းဆွေးနွေးပွဲကို သာစည်ကျေးရွာ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ သြဂုတ် ၂၉ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပုလဲမြို့နယ်အတွင်းရှိ သာစည်၊ မဲဇရပ်၊ သရက်လှ၊ သက္ကယ်ကျင်း(အောက်)၊ ညောင်ရင်းကုန်း၊ ကိုးပင်၊ ရေရှင်၊ ကြောင်ဝင်ဒူးကျေးရွာနှင့် တလိုင်းကန်ကျေးရွာများမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက စိုက်ပျိုးရေရရှိရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးရေး၊ ကျေးရွာလျှပ်စစ်မီးလင်းရေး၊ ကျောင်းဆောင်သစ်များရရှိရေး၊ ဆရာ ဆရာမလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တိရစ္ဆာန်များ ရောဂါဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းကုသပေးရေးနှင့် ပညာပေးဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးစသည့် ကျေးရွာအလိုက် လိုအပ်ချက်နှင့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းစိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူးဦးကျော်ရွှေနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးမြင့်သိန်းစိုးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကာ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းအစီအမံများနှင့် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ထို့နောက် ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေးကို ရည်ရွယ်၍ ကျေးရွာတစ်ရွာလျှင် သုတရသ စာအုပ်မျိုးစုံ အုပ် ၁၀၀ စီ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# တရားမဝင် တမလန်းသစ် ၁၃ တန်ကျော် ဖမ်းဆီးရမိ

**ရွှေဘို သြဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်း၌ တရားမဝင် တမလန်းသစ် ခါးရွှေတုံးများတင်ဆောင်လာသော ခြောက်ဘီးယာဉ်နှစ်စီးကို ဖမ်းဆီးရမိကြောင်း ရွှေဘိုခရိုင်သစ်တောဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်း(၄) ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် ခင်ဦးမြို့မရဲစခန်းမှ ရဲအုပ်အောင်ဇော်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက အင်းပတ်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သြဂုတ် ၂၇ ရက်က ရေဦး-ရွှေဘို-ညောင်ပင်သာ ကားလမ်းပေါ်၌ ရှောင်တခင်စစ်ဆေးစဉ် ခြောက်ဘီးကားနှစ်စီးကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ တစ်စီးပေါ်မှ တရားမဝင် တမလန်းသစ် ခါးရွှေတုံး ၄၀ (အလေးချိန် ၅ ဒသမ ၉၉၈၄ တန်)ကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်းသူမှာ ထွက်ပြေးသွားကြောင်း၊ အခြားခြောက်ဘီးယာဉ်တစ်စီးပေါ်မှ တမလန်းသစ် ခါးရွှေတုံး ၂၄ တုံး (အလေးချိန် ၆ ဒသမ ၅၅၆၈ တန်)နှင့် ကျွန်းခွဲသားတစ်ချောင်းကို ယာဉ်မောင်း သိန်းသန်းဦးနှင့်အတူ ဖမ်းမိခဲ့ကြောင်း၊ ဖြစ်စဉ်မှ ဖမ်းဆီးရမိသော မော်တော်ယာဉ်နှစ်စီးကို ခင်ဦးမြို့မရဲစခန်းသို့ အပ်နှံကာ ဖမ်းမိထားသော ယာဉ်မောင်းကိုလည်း ခင်ဦးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ရော်ဘာလုပ်ငန်းများအတွက် SME လုပ်ငန်းများကဲ့သို့ ချေးငွေရရှိရေး ဆောင်ရွက်ပေးမည်

**မော်လမြိုင် ဩဂုတ် ၃၁**

မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း ကဏ္ဍငါးရပ်ဖွံ့ဖြိုးရေး ဆောင်ရွက်သွားကြရန် ပြည်နယ်ဝန်ကြီးချုပ်က ညွှန်ကြားထားရာ အဆိုပါဖွံ့ဖြိုးရေး ဆောင်ရွက်မည့် ကဏ္ဍငါးရပ်တွင် ရော်ဘာကဏ္ဍသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

တစ်နှစ်ပြီးတစ်နှစ် အနိမ့်ဘက်သို့ကျဆင်းလာနေသည့် ရော်ဘာဈေးကွက်ကြောင့် ရော်ဘာစိုက်တောင်သူများနှင့် ရော်ဘာနှင့်ဆက်စပ်နှီးနွှယ်ရာ လုပ်ငန်းများသည်လည်း အဆင့်မီရော်ဘာများထုတ်လုပ်ရန် ခက်ခဲနေရပြီး တစ်ဖန် အရည်အသွေးမပြည့်သည့် ရော်ဘာများအတွက် ဈေးကောင်းမရဖြစ်နေကြရသည်။

အဆိုပါပြဿနာကို တစ်နည်းတစ်ဖုံ ဖြေလျှော့နိုင်ရေးအတွက် မတည်ငွေကြေး အရင်းအနှီးသည် ရော်ဘာလုပ်ငန်းရှင်များကြား အဓိကလိုအပ်ချက်တစ်ခု ဖြစ်လာခဲ့သည်။ အဆိုပါလိုအပ်ချက်ကို ကွက်လပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရော်ဘာလုပ်ငန်း လုပ်ကိုင်သူများကို SME ချေးငွေရရှိစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၉ရက်တွင် မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကြည်စိုးက ပြောသည်။

“ရော်ဘာစိုက်တယ်၊ ရော်ဘာမှိုင်းခံစက်ရုံ တည်ထောင်တယ်ဆိုတာတွေလည်း SME လုပ်ငန်းတွေပါပဲ။ ငွေကြေးအရင်းအနှီးများတယ်။ ရော်ဘာစိုက်ပြီဆို အနည်းဆုံး ခုနစ်နှစ်နေမှ အစေးစခြစ်လို့ရတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ရည်ရွယ်ပြီးတော့ SME ချေးငွေရဖို့ ကြိုးစားပေးသွားပါမယ်”ဟု ၎င်းကပြောသည်။

မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့ ပူးပေါင်းကာ ဩဂုတ် ၂ ရက်နေ့မှစ၍ ရော်ဘာတောင်သူများထံ ကွင်းဆင်းတွေ့ဆုံဆွေးနွေးခဲ့ရာ ရော်ဘာတောင်သူများက အရည်အသွေးပြည့် ရော်ဘာကုန်ကြမ်းများ ထုတ်လုပ်နိုင်ရေးနှင့် စုပေါင်းစက်ရုံများ ထူထောင်နိုင်ရေးအတွက် အရင်းအနှီးငွေကြေး လိုအပ်ချက်ရှိကြောင်း တင်ပြခဲ့ကြသည်ဟု သိရသည်။

“ရော်ဘာရာသီချိန်ရောက်ခါနီးရင် တချို့တောင်သူတွေအနေနဲ့ လိုအပ်တဲ့ပစ္စည်း ဥပမာ အစေးခံခွက်လိုမျိုးကအစ ဝယ်ကြရတယ်။ တချို့အရင်းအနှီးနည်း တစ်နိုင်တစ်ပိုင် ခြံရှင်တွေမှာဆို ငွေကြိုယူစနစ်တွေ သုံးကြရတယ်။ အတိုးနှုန်းက ဘယ်နေရာမှာပဲဖြစ်ဖြစ် ငါးကျပ်တိုးနှုန်း ပေးနေကြရတယ်။ ချေးငွေရဖို့ ကူညီပေးမယ်ဆိုရင် အတိုးနှုန်းနည်းနည်းနဲ့ အရင်းအနှီးရနိုင်မယ်လို့ ပြောကြပါတယ်”ဟု ရော်ဘာတောင်သူများဘက်မှ ချေးငွေကိစ္စနှင့်ပတ်သက်၍ တင်ပြလာသည်ကို ဦးကြည်စိုးက ပြောသည်။

မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ နိုင်ကျန်ရစ်က “SME ချေးငွေရဖို့ ကူညီပေးမယ်ဆိုရင်တော့ ဝမ်းသာပါတယ်။ အစိုးရအဖွဲ့အစည်းတွေ ကျေးရွာဘက်တွေဆင်းပြီး လက်တွေ့လေ့လာ တွေ့ဆုံတယ်ဆိုတာ အရင်ကတော့ မရှိခဲ့ဖူးပါဘူး။ မျှော်လင့်ချက်ပွင့်လာပြီလို့ ပြောရမှာပါ။ တောင်သူတွေအနေနဲ့ သိချင်နေတာက ဘယ်လိုပုံစံ၊ ဘယ်လိုအတိုးနှုန်း၊ ဘာအာမခံချက်နဲ့ ဘယ်လောက်ကြာကြာ ချေးပေးမှာလဲဆိုတာကိုပါ။ ရော်ဘာဆိုတာက နှစ်ရှည်ရင်းနှီးရတာဖြစ်လို့ နှစ်တို ချေးငွေအနေနဲ့ဆို အဆင်မပြေနိုင်ပါဘူး”ဟု ရော်ဘာတောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲကို ရှင်းပြသည်။

ချေးငွေကိစ္စနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဩဂုတ် ၇ ရက်က ပုဂ္ဂလိကဘဏ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ CB ဘဏ်အနေဖြင့် တောင်သူများက သမဝါယမအသင်းစုကဲ့သို့ အစုအဖွဲ့များဖွဲ့စည်းထားရန် လိုအပ်ကြောင်း၊ အစုအဖွဲ့လိုက်စနစ်ဖြင့် ချေးယူမည်ဆိုပါက ကူညီပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်း မိမိတို့အနေဖြင့် ရော်ဘာအတွက် ငွေချေးပေးသည့်စနစ် မရှိသေးကြောင်းနှင့် ရော်ဘာအတွက် ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ကာ အခြားပုဂ္ဂလိကဘဏ်များကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြပေးသွားမည်ဖြစ်ကြောင်း လတ်တလော အကြောင်းပြန်ထားကြသည်ဟု သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

“SME ချေးငွေရဖို့ ကူညီပေးမယ်ဆိုရင်တော့ ဝမ်းသာပါတယ်။ အစိုးရအဖွဲ့အစည်းတွေ ကျေးရွာဘက်တွေဆင်းပြီး လက်တွေ့ လေ့လာတွေ့ဆုံတယ်ဆိုတာ အရင်ကတော့ မရှိခဲ့ဖူးပါဘူး။ မျှော်လင့်ချက် ပွင့်လာပြီလို့ ပြောရမှာပါ။ ရော်ဘာဆိုတာက နှစ်ရှည်ရင်းနှီး ရတာဖြစ်လို့ နှစ်တိုချေးငွေအနေနဲ့ဆို အဆင်မပြေနိုင်ပါဘူး”



## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဆိုင်ရာသင်တန်းဖွင့်

**ဆားလင်းကြီး ဩဂုတ် ၃၁**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဘဏ္ဍာနှစ်အလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေ ပြင်ဆင်ရေးဆိုင်ရာ သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ ငွေသာခန်းမ၌ ဩဂုတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းက အမှာစကားပြောကြားပြီး ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးခိုင်က ဆားလင်းကြီးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်က မြို့နယ်လုံးကျွတ် စီမံကိန်းရေးဆွဲရေးသင်တန်းများ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာများမှ ရေးဆွဲတင်ပြခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းပါ ဦးစားပေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ်ဖြင့် ပြင်ဆင်ရေးဆွဲလိုက ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် Annual Village Investment Programme(AVIP)သင်တန်းကို ထပ်မံဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ သင်တန်းတွင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၅၆ ရွာမှ သင်တန်းသား သင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## မြစ်ဆုံစီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့် ကျေးရွာနှစ်ရွာသို့ ဆန်အိတ် ၁၄၀၀ ကျော် ပေးအပ်လှူဒါန်း

**မြစ်ကြီးနား ဩဂုတ် ၃၁**

မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ရသော ကျေးရွာနှစ်ရွာမှ ပြည်သူများအား ဧရာဝတီအထက်ပိုင်း မြစ်ညှာမြစ်ဝှမ်းရေအားလျှပ်စစ်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် (ACHC)က ဆန်အိတ် ၁၄၀၀ ကျော်ကိုဩဂုတ် ၃၀ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ၌ ကျင်းပခဲ့သည့် ဆန်အိတ်များ လှူဒါန်းပွဲတွင် (ACHC)ကုမ္ပဏီ မြစ်ကြီးနားရုံးခွဲတာဝန်ခံ မစ္စတာ ကျန်ဟွမ်ဟွေ့က “ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဆန်အိတ်တွေ ပေးအပ်လှူဒါန်းလာတာ ၂၀၁၀ ခုနှစ်ကစပြီး ပေးအပ်ခဲ့တာပါ။ ဆန်ပေးအပ်တဲ့နေရာမှာလည်း ကုမ္ပဏီအနေနဲ့ အခက်အခဲတွေ ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမယ့် ယနေ့အချိန်အထိ ထောက်ပံ့ပေးအပ်မှုတွေ ဆောင်ရွက်ပေးနေပါတယ်”ဟု ပြောကြားသည်။

မြစ်ကြီးနားမြို့နယ်ရှိ မေခ-မလိခ မြစ်ဆုံနေရာတွင် ရေအားလျှပ်စစ်စက်ရုံဆောက်လုပ်ရန် မြေနေရာနှင့်မလွတ်ကင်းသော ကျေးရွာများမှ ပြောင်းရွှေ့နေထိုင်ခဲ့ရသော အောင်မြင်သာစံပြကျေးရွာမှ လူဦးရေ ၂၁၄၁ ဦးအတွက် ဆန်အိတ် ၁၁၅၃ အိတ်နှင့် မလိယန်ကျေးရွာရှိ အိမ်ထောင်စု ၈၄ စုမှ ပြည်သူများအတွက် ဆန်အိတ် ၂၇၁ အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ACHC ကုမ္ပဏီအနေဖြင့် ၂၀၁၀ ခုနှစ်မှစ၍ လူတစ်ဦးလျှင် တစ်လဆန်လေးပြည်နှုန်းဖြင့် လေးလတစ်ကြိမ် ပေးအပ်လှူဒါန်းလျက်ရှိကြောင်း၊ ဒေသခံပြည်သူများ အခက်အခဲရှိနေသည်ကိုလည်း သိရသဖြင့် လာမည့် နှစ်ကုန်ပိုင်းတွင်လည်း ဆန်များလာရောက်ပေးအပ်လှူဒါန်းသွားဦးမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

# မသန်စွမ်းသူများသည် ဆင်းရဲနွမ်းပါးပြီး လူမှုအသိုင်းအဝိုင်းမှ ဖယ်ကြဉ်ခံနေရဟု သန်းခေါင်စာရင်းအစီရင်ခံစာတွင်ဖော်ပြ

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှင့် မသန်စွမ်းဖြစ်ခြင်းတို့သည် အဆိုးကျော့သံသရာဖြင့် ဆက်စပ်ပတ်သက်နေကြပြီး မြန်မာ့လူဦးရေ၏ အနွမ်းပါးဆုံး ၂၀ ရာခိုင်နှုန်းတွင်ရှိသော မသန်စွမ်းဦးရေသည် အချမ်းသာဆုံး ၂၀ ရာခိုင်နှုန်းတွင်ရှိနေသော မသန်စွမ်းဦးရေထက် နှစ်ဆမျှရှိနေကြောင်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ မသန်စွမ်းသူများဆိုင်ရာ ကဏ္ဍအလိုက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

သန်းခေါင်စာရင်းထုတ်ပြန်ချက် ပြည်ထောင်စုအစီအရင်ခံစာအရ မြန်မာ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ၇ ဒသမ ၆ ရာခိုင်နှုန်းနှင့် ချင်းပြည်နယ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းရှိကာ မသန်စွမ်းရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သည်။ မသန်စွမ်းရာခိုင်နှုန်းသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ၃ ဒသမ ၃ ရာခိုင်နှုန်းစီနှင့် နေပြည်တော်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်းသာရှိ၍ အနိမ့်ဆုံးဖြစ်သည်။ အဆိုပါအချက်အလက်များကို အခြေခံ၍ ကုလသမဂ္ဂကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့(UNFPA)က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် မသန်စွမ်းကလေးငယ်များအနေဖြင့် အခြားကလေးငယ်များနည်းတူ ပညာသင်ကြားခွင့်များ ဆုံးရှုံးနေကြခြင်းသည် ငယ်စဉ်ကတည်းကပင် မသန်စွမ်းဖြစ်ရုံသာမက သာမန်လူတို့ရသည့် အခွင့်အရေးများကိုပါ ဆုံးရှုံးနေကြရသည်ဆိုသည်ကို သိသာထင်ရှားစေကြောင်း၊ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၁၉ နှစ်ကြားရှိ မသန်စွမ်းသူများ စာမတတ်မြောက်သည့်ဦးရေသည် ၅၉ ဒသမ ၄ ရာခိုင်နှုန်းမျှ ရှိနေပြီး ထိုပမာဏသည် ထိုအသက်အရွယ်ရှိ သာမန်လူငယ်များ စာမတတ်မြောက်မှုပမာဏ ၅ ဒသမ ၆ ရာခိုင်နှုန်းထက် ဆယ်ဆမျှ ပိုမိုများပြားနေသည်ကိုတွေ့ရှိရကြောင်း၊ ထို့အပြင် မသန်စွမ်းသူများသည် အခြားသူများနှင့်နှိုင်းယှဉ်ပါက ဘဝတစ်လျှောက်လုံးတွင်လည်း ရသင့်ရထိုက်သည့် အခွင့်အရေးများမရဘဲ ဆုံးရှုံးနေကြသည်ကို တွေ့ကြရကြောင်း ဖော်ပြထားသည်။

“မသန်စွမ်းအမျိုးသမီးနဲ့ မိန်းကလေးငယ်တွေဟာ ခွဲခြားဆက်ဆံမှုတွေကို တခြားသူတွေထက်ပိုပြီး နှစ်ဆတိုး ခံစားကြရပါတယ်။ မသန်စွမ်းအမျိုးသမီးတွေဟာ တခြားအမျိုးသမီးတွေထက်ပိုပြီး ဖယ်ကြဉ်ခံရတာတွေ၊ ခွဲခြားဆက်ဆံခံရတာတွေ၊ အကြမ်းဖက်ဆက်ဆံခံရတာတွေ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရတာတွေ၊ လစ်လျူရှုခံရတာတွေ၊ အမြတ်ထုတ်ဆက်ဆံခံရတာတွေ မကြာခဏဆိုသလို ကြုံတွေ့ရတတ်ပါတယ်။ ဒါတွေကြောင့် မသန်စွမ်းအမျိုးသမီးတွေဟာ သူတို့ရဲ့အရည်အသွေးကို အပြည့်အဝ ဖော်ထုတ်အသုံးချခွင့်မရဘဲ တခြားသူတွေလို လူ့အခွင့်အရေးကိုလည်း အပြည့်အဝမခံစားရဘဲ ရှိနေကြရပါတယ်” ဟု UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားသည်။

ပညာသင်ကြားခွင့်မရခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကဲ့သို့သော ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း၊ သန်းခေါင်စာရင်းရလဒ်များအရ မသန်စွမ်းသူများသည် နိုင်ငံ၏ လုပ်သားအင်အားပမာဏတွင် ရာခိုင်နှုန်းနည်းပါးစွာ ပါဝင်နေကြသည်ကိုတွေ့ရှိရပြီး ထိုအရေအတွက်ထဲတွင်လည်း အမျိုးသမီးမသန်စွမ်းသူများ၏ အရေအတွက်က အမျိုးသားများထက် ပိုမိုနည်းပါးကာ မသန်စွမ်းသူများအကြားတွင်ပင် ကျား-မရေးရာ အခွင့်အရေးမညီမျှမှုသည် ပိုမိုကြီးမားနေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

မသန်စွမ်းသူများ မြန်မာ့စီးပွားရေးတွင် ပိုမိုပါဝင်လာနိုင်ရန် မသန်စွမ်းကလေးငယ်များနှင့် မသန်စွမ်းလူငယ်များအား အခြားသူများနည်းတူ အဆင့်မြင့်ပညာများ သင်ကြားခွင့်ရအောင် အစိုးရအနေဖြင့် စီစဉ်ပေးဖို့လိုအပ်ကြောင်း၊ အရေးကြီးသည့်အချက်တစ်ချက်မှာ လမ်းမလျှောက်နိုင်သည့် မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင်များ ပိုမိုသုံးစွဲနိုင်စေရေး စီစဉ်ပေးရန်လိုအပ်ကြောင်း မစ္စဂျဲနက်ဂျက်ဆင်က ဆက်လက်ပြောကြားသည်။

မသန်စွမ်းသူစုစုပေါင်း၏ ထက်ဝက်ကျော်သည် ဆွေမျိုးသားချင်းများထံတွင် မှီခိုနေထိုင်ကြရကြောင်း၊ မသန်စွမ်းသူအရေအတွက် အနည်းငယ်သည်သာ သူတို့အတွက်ဖွင့်လှစ်ထားသည့် ဂေဟာများတွင် နေထိုင်နေကြသည်ကို တွေ့ရကြောင်း၊ မသန်စွမ်းသူများသည် ယခုထက်ပိုမိုကောင်းမွန်သော လူမှုဖူလုံရေးဝန်ဆောင်မှုစနစ်များ လိုအပ်နေကြောင်း၊ သက်ကြီးရွယ်အိုများ တဖြည်းဖြည်းများပြားလာသည့် မြန်မာ့လူနေမှုအသိုင်းအဝိုင်းအဖို့ လာမည့် ၃၅ နှစ်အတွင်း မသန်စွမ်းသူဦးရေ သိသိသာသာ တိုးပွားလာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကာ သက်ကြီးရွယ်အို မသန်စွမ်းများသည် လိုအပ်ချက်တွေပိုများသကဲ့သို့ အထူးပြုစုစောင့်ရှောက်မှုလည်းလိုအပ်ကြောင်း မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားသည်။

အစီရင်ခံစာအရ မသန်စွမ်းသူများသည် အိမ်ထောင်ပြုနှုန်းနည်းပါးပြီး အိမ်ထောင်ရှိသော မသန်စွမ်းသူများတွင်လည်း ကွာရှင်းနှုန်းသည် အခြားသူများထက် နှစ်ဆပိုမိုများပြားသည်ကိုတွေ့ရှိရကာ အိမ်ထောင်ရေးအဆင်မပြေသဖြင့် ကွာရှင်းပြတ်စဲပြီးကြသည့် မသန်စွမ်းသူများသည် တစ်ကိုယ်တည်းနေထိုင်သွားတတ်ကြပြီး အထီးကျန်ခြင်း၊ လူမှုရေးကဏ္ဍ အဆင်မပြေခြင်းနှင့် စီးပွားရေးကျပ်တည်း အဆင်မပြေခြင်းများကိုလည်း ကြုံတွေ့ကြရကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာအရ မသန်စွမ်းသူအများအပြားသည် ပညာသင်ယူခွင့်၊ အလုပ်အကိုင်ရရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်းတို့တွင် အခွင့်အရေးဆုံးရှုံးမှုများရှိနေပြီး လူ့ဘောင်အသိုင်းအဝိုင်း၏ နိစ္စဓူဝကိစ္စ ဖြစ်စဉ်များတွင်လည်း အများနည်းတူ ပါဝင်ပတ်သက်ဆောင်ရွက်နိုင်ခြင်းမရှိအောင် ဖယ်ကြဉ်ထားခြင်း ခံနေကြရကြောင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်ခွင့်ရမှသာ ၎င်းတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံလူ့အခွင့်အရေး ရရှိခံစားရေးဆိုင်ရာ ကိစ္စရပ်များတွင် တိုးတက်မှုရလဒ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း အစီရင်ခံစာက ထောက်ပြထားသည်ဟု ကုလသမဂ္ဂကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့က ထုတ်ပြန်ထားသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**

# ဖျာပုံမြို့တွင်းသို့ ရေပေးဝေမှုမှ လစဉ် ကျပ်သိန်း ၁၈၀ ရရှိရန် လျာထား

**သတင်းဆောင်းပါး**

**အောင်ဝင်း(ဖျာပုံ)**



ဖျာပုံမြစ်ရေသန့်စီမံကိန်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံမြို့တည်ခဲ့သည်မှာ နှစ်တစ်ရာကျော်ခဲ့ပြီဖြစ်သော်လည်း အစဉ်အဆက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ခက်ခဲခဲ့ပြီး ခေတ်အဆက်ဆက်တွင် တာဝန်ရှိသူများက မြေအောက်ရေရရှိရေး နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုမရခဲ့ပေ။

လက်ရှိအစိုးရလက်ထက်တွင် မြစ်ရေသန့်စီမံကိန်းကို ဂျပန်(JICA)အကူအညီဖြင့် ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၇ ခုနှစ် ဧပြီလတွင် နိုင်ငံတကာအဆင့်မီ ရေသန့်စင်သည့်စနစ်ဖြင့် မြစ်ရေသန့်များကို မြို့ပေါ်ရပ်ကွက် မှ ပြည်သူများထံသို့ စတင်ပေးဝေနိုင်ခဲ့သည်။ ထိုစီမံကိန်းနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မြစ်ရေသန့်ပေးဝေမှု တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမျိုးကြည်နှင့် ဩဂုတ် ၃၀ ရက်တွင် တွေ့ဆုံမေးမြန်းခဲ့သည်။

တာဝန်ခံအင်ဂျင်နီယာမှူးက ရေသန့်ထုတ်လုပ်ရာတွင် ပထမ ဆည်ရေ၊ ဒုတိယ ကန်ရေနှင့် တတိယမြစ်ရေတို့ ဖြစ်ကြောင်း၊ ဖျာပုံမြစ်ရေသည် အထက်အညာ ဒေသများမှ မြစ်ရေလောက် အရောင်မကောင်းဘဲ အမြင်ညစ်ညမ်းသော်လည်း ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသဖြင့် နိုင်ငံတကာ ရေသန့်အဆင့်မီကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန(National Health laboratory)၏ ဓာတ်ခွဲစစ်ဆေးချက်အရ လူကိုရောဂါဖြစ်စေမည့် ပိုးမွှားများကင်းစင်ကြောင်းနှင့် သောက်၍ပင်ရသည်ဟု ဓာတ်ခွဲစမ်းသပ်ခံထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ရေသုံးစွဲခအဖြစ်တစ်ယူနစ်လျှင် ငွေကျပ် ၄၀၀သတ်မှတ်ပြီး ၂၀၁၇ခုနှစ် ဧပြီလနှင့် မေလအတွင်း ရေဖိုးကောက်ခံရာတွင် ငွေကျပ်သိန်း ၂၅၀ကျော်ရရှိသဖြင့် တစ်လလျှင်ပျမ်းမျှ ငွေကျပ်၁၂၅သိန်းကျော် ရရှိကြောင်း၊ ဆက်လက်တပ်ဆင်ရမည့် ရေတိုင် ၂၀၀၀ ကျော်တပ်ဆင်ပြီးပါက စည်ပင်အတွက် တစ်လဝင်ငွေ ကျပ်သိန်း ၁၈၀ ရရှိနိုင်ကြောင်းလည်း တာဝန်ခံ အင်ဂျင်နီယာမှူးက သုံးသပ်ပြောကြားသည်။

JICA အကူအညီဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် ဖျာပုံမြို့နယ်စည်ပင်သာယာအဖွဲ့မှ တာဝန်ယူ လည်ပတ်ကာ ရေပေးဝေနေသည့် မြစ်ရေသန့်စီမံကိန်းမှ ရေအရည်အသွေးနှင့် ဈေးနှုန်း၊ ပို့လွှတ်သည့်ရေအား၊ ပို့လွှတ်ပေးနေသည့် ကြာမြင့်ချိန်တို့သည် ဒေသခံပြည်သူများကြား ကောင်းသတင်းကြွယ်လျက်ရှိသည်။ ထို့ကြောင့် လာမည့်ပွင့်လင်းရာသီတွင် ဆက်လက်တပ်ဆင်ရန် ကျန်သည့် ရေတိုင်များကိုလည်း တပ်ဆင်ပြီးပါက ရေရယူသုံးစွဲမည့်သူတိုးလာသဖြင့် စီမံချက်ပါအတိုင်း တစ်လလျှင် ငွေကျပ်သိန်း ၁၈၀ ရရှိရန်မှာ သေချာနေသည်ဟု ဆိုရမည်ဖြစ်ပေသည်။

# ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တွေ့ဆုံဆွေးနွေး

**ဘားအံ ဩဂုတ် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာအုပ်စု၌ ကျောက်မီးသွေးလောင်စာသုံးစက်ရုံ တည်ဆောက်ရန်ကိစ္စအပါအဝင် အခြားကိစ္စများနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများအား ထုံးတောင်ကျေးရွာ ဘုန်းကြီးကျောင်း၌ ဩဂုတ် ၂၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံရေးဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဝတ်ကြီးကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ဘားအံမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်သူရသိန်းက တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံများ ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးကြရန်နှင့် ကျောက်မီးသွေးစက်ရုံကိစ္စနှင့်ပတ်သက်၍ မလိုလားသည့်ဘက်မှ ပြောဆိုမှုများကို တစ်ဖက်သတ် မယုံကြည်ဘဲ မိမိတို့၏ အသိအမြင်များဖြင့် စဉ်းစားဆင်ခြင် သုံးသပ်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြတ်ဝင်းက ပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကွဲပြားခြားနားမှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဥပဒေအကြောင်းအရာများနှင့် ဥပဒေ၏ ရည်ရွယ်ချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာပေါ်ရှိ ကြွယ်ဝချမ်းသာသောနိုင်ငံများတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုအခြေအနေနှင့် လျှပ်စစ်စွမ်းအင်ရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေမှုများ၊ လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် အခြားနိုင်ငံများတွင် ယခင်ကသုံးစွဲခဲ့သော ကျောက်မီးသွေးလောင်စာသုံး စက်ရုံများအကြောင်းနှင့် လက်ရှိ အမေရိကန်နှင့် ဂျပန်နိုင်ငံများတွင် အသုံးပြုနေသော ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် နည်းစနစ်တကျတည်ဆောက်သည့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်နေပုံများ စသည်တို့ကို အသေးစိတ်ရှင်းလင်းပြီး ယခု ကရင်ပြည်နယ်၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်အပေါ်တွင်လည်း EIA စမ်းစစ်မှု စစ်တမ်းကောက်ယူခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြခြင်း၊ EIA စိစစ်ရေးဝန်ကြီးဌာန ၂၉ ဦးအဖွဲ့မှ ပြန်လည်စိစစ်ခြင်းတို့ ဆောင်ရွက်ပြီး လက်ခံနိုင်မှုရှိမှသာ တည်ဆောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံ ဥဒေါင်းကျောင်းတိုက်ဆရာတော်က ကျေးလက်နေပြည်သူများအနေဖြင့် အတွေ့အကြုံဗဟုသုတ နည်းပါးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် သင်တန်းများကို ပို့ချပေးသင့်ကြောင်း ဆွေးနွေးခဲ့ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဌာနအနေဖြင့် သင်တန်းများဖွင့်လှစ်ပို့ချပေးရန် အစီအစဉ်ရှိကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် ဘားအံမြို့နယ် လဝကဦးစီးမှူးဦးကျော်ကျော်နိုင်က ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း၏အရေးကြီးပုံများကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများအား မိမိတို့ဌာနအနေဖြင့် ကွင်းဆင်းပြုလုပ်ပေးရန် အစီအစဉ်ရှိကြောင်း ပြောကြားခဲ့သလို ဝတ်ကြီးကျေးရွာ ကျန်းမာရေးမှူး ဦးစောသန်းထူးကလည်း ကျေးလက်နေပြည်သူများ သိရှိထားသင့်သော ကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ပြောကြားခဲ့သည်။



**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

## မှုခင်းသတင်းတိုများ

### အင်းတော်မြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကျော် ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သစ်ပုံလွင်ကျေးရွာ၌ တရားမဝင် WY စိတ်ကြွရူးသွပ်ဆေးပြားများ ဩဂုတ် ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ သစ်ပုံလွင်ကျေးရွာမှ စန်းယု ပိုင်ဆိုင်သောလယ်တဲကို မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်နိုင်ဦး ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ တဲစောင့်ဖြစ်သူကျော်သန်းအား တွေ့ရှိရပြီး ၎င်းထံမှ WY စိတ်ကြွရူးသွပ် ဆေးပြား ၅၀ ပြား စစ်ဆေးတွေ့ရှိကြောင်း၊ ကျော်သန်း၏ ထွက်ဆိုချက်အရ သစ်ပုံလွင် ကျေးရွာနေ စန်းယု၏နေအိမ်သို့ ထပ်မံရှာဖွေရာ စန်းယုထံမှ WY စိတ်ကြွရူးသွပ် ဆေးပြား ၁၅၇၀ ကို ထပ်မံရှာဖွေတွေ့ရှိရသဖြင့် ကျော်သန်းနှင့် စန်းယုတို့နှစ်ဦးအား အင်းတော်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**လူအောင်(ကသာ)**

### ယာခင်း၌နှမ်းထောင်နေစဉ် မိုးကြိုးပစ်ခံရ၍ လူတစ်ဦးသေဆုံး

တောင်တွင်းကြီးမြို့နယ် ကျောင်းတော်ရာကျေးရွာအနီးတွင် ဩဂုတ် ၂၉ ရက် ညပိုင်းက ယာခင်း၌ နှမ်းထောင်နေသောလူတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။ တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ရဲကင်းစခန်းမှူး ရဲအုပ်မြင့်သန်း၏ သွားရောက် စစ်ဆေးချက်အရ သေဆုံးသူမှာ နေမျိုးအောင်(၂၃ နှစ်)ဖြစ်ပြီး ၎င်းသည် ညီဖြစ်သူ စိုးထက်အောင်နှင့်အတူ ရွာနောက်ဘက်ရှိယာခင်း၌ နှမ်းထောင်နေစဉ် မိုးကြိုးပစ်ခံရ၍ ဒဏ်ရာများရရှိကာ နေရာတွင်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်မြင့်သန်းက တရားလိုပြုလုပ်ကာ ဆတ်သွားနယ်မြေရဲစခန်း၌ သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**

### ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံး

ပဲခူးမြို့ မြို့မရဲစခန်းအပိုင် ပဲခူး-သနပ်ပင် ကားလမ်းပေါ် ဗန္ဓုလလမ်းထိပ် မီးပွိုင့်၌ ဩဂုတ် ၂၈ ရက်က ကားနှင့်ဆိုင်ကယ်တိုက်၍ အမျိုးသမီးတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပဲခူးဘက်မှ သနပ်ပင်ဘက်သို့ ယာဉ်မောင်းဝင်းနိုင် (၃၄ နှစ်) မောင်းနှင်လာသည့် ပဲခူး-သဃ်န်းကျွန်း ခရီးသည်တင်ယာဉ်က ရှေ့မှ ဇော်မျိုးဦးမောင်းနှင်ပြီး ဒေါ်စန်းမြင့်(၅၇ နှစ်)လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်ကို ဝင်တိုက်မိကာ ဆက်လက်၍ မီးပွိုင့်တွင် မီးနီပြ၍ ရပ်တန့်ထားသောယာဉ်မောင်း ဦးအောင်ဇော်ထိုက်၏ ပဲခူး-သဃ်န်းကျွန်း ခရီးသည်တင်ယာဉ်ကို ထပ်ဆင့်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းလာသူ ဒေါ်စန်းမြင့်မှာ နေရာတွင် သေဆုံးသွားခဲ့ပြီး ဆိုင်ကယ်မောင်းသူ ဇော်မျိုးဦးမှာ ဆေးရုံတွင် (စိုးရိမ်ရ) အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းဝင်းနိုင်အား ပဲခူးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

### ပေါင်မြို့ တရုတ်ဘုံကျောင်းအတွင်း စိတ်ကြွရူးသွပ်ဆေးပြားရောင်းသူတစ်ဦးဖမ်းမိ

မွန်ပြည်နယ် ပေါင်မြို့ ကဒါရပ်ကွက်ရှိ တရုတ်ဘုံကျောင်းဝင်းအတွင်း နေထိုင်သည့် အသက် ၄၈ နှစ်အရွယ် အမျိုးသားတစ်ဦးထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဩဂုတ် ၂၇ ရက်က ဖမ်းဆီးရခဲ့မိကြောင်း ပေါင်မြို့မရဲစခန်းမှ သိရသည်။ ထန်းပင်ချောင်းကြီး ရဲကင်းစခန်းမှ ရဲအုပ်မြင့်ဌေးနှင့် ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေရာ ဘုံကျောင်းဝင်းအတွင်းနေထိုင်သည့် စိန်လွင်လေး(ခေါ်) မောင်နီ (၄၈ နှစ်)ထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြားနှင့် R စာလုံးပါ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြားနှစ်ပြားတို့ကို ဖမ်းမိခဲ့၍ ၎င်းအား ပေါင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

### ပင်လည်ဘူးမြို့နယ်အတွင်း တရားမဝင် တမလန်းသစ်များဖမ်းမိ

